| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| စုစုပေါင်း | | | | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၂-၃၃၃၀၄ |
| ဒု-ညွှန်ကြားရေးမှူးချုပ် | ၀၂-၃၃၄၀၃၆ |
| ညွှန်ကြားရေးမှူး(အင်/ယာ) | ၀၂-၃၃၃၀၃၉ |
| fax | ၀၂-၃၃၃၀၃၉ |
| လ/ထညွှန်ကြားရေးမှူး(အင်/ယာ) | ၀၂-၃၃၃၉၈၅ |
| ရုံးအဖွဲ့(အင်ယာ) | ၀၂-၃၃၃၉၈၅ |


စာအမှတ်၊ အင်ယာ/စိမ်းလန်း/ထင်း(လစ)/၂၆၆-၆၉/၂၀၁၁

ရက် စွဲ ။ ၂၀၁၁-ခုနှစ် မေလ ၁၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ တည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာ ပုံစံပေးပို့ခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုအတွင်း ၂၀၁၁-၂၀၁၂ခုနှစ်၌ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ တည်ထောင်ရန် စစ်ကိုင်းတိုင်းဒေသကြီးတွင်(၁၅)ရွာ၊မန္တလေးတိုင်းဒေသကြီးတွင်(၁၀)ရွာ၊မကွေးတိုင်းဒေသကြီးတွင်(၁၂)ရွာ စုစုပေါင်း (၃၇)ရွာ လျာထားသတ်မှတ်ပြီးဖြစ်ပါသည်။

၂။ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ တည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာများ ပေးပို့ရာင်ပြရာတွင် တပြေးညီဖြစ်စေရေးအတွက် ပူးတွဲပါပုံစံဖြင့် ပြုစုတင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မောင်မောင်အောင် ၊ ညွှန်ကြားရေးမှူး(အင်/ယာ))

မိတ္တူကို-
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မျှောစာတွဲ
- ရုံးလက်ခံ
- အမှုတွဲဖိုင်

D/Mar Mar Myaing/UKW(AD-2011-data)

သစ်တောရေးရာဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

__________တိုင်းဒေသကြီး၊__________ခရိုင်၊__________မြို့နယ်

__________ ဘဏ္ဍာရေးနှစ်၊ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ

တည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာ

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ __________တိုင်းဒေသကြီး၊__________ ခရိုင်၊__________မြို့နယ်၊ __________ကျေးရွာအား ထင်းအစားအခြားလောင်စာ သုံးစွဲသော စံပြကျေးရွာအဖြစ် တည်ထောင်နိုင်ရေး__________ခုနှစ်__________လမှစတင်၍ စည်းရုံး ဆောင်ရွက်ခဲ့ရာ ၊ __________ခုနှစ်၊ __________လ( )ရက်နေ့တွင် ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ အဖြစ်ကြေညာ၍ ဆိုင်းဘုတ်စိုက်ထူနိုင်ခဲ့ပါသည်။

(က) ကျေးရွာအခြေအနေ

(၁) ကျေးရွာအမည် -

(၂) ကျေးရွာအုပ်စုအမည် -

(၃) တည်နေရာ - (လမ်းပန်းဆက်သွယ်ရေးအခြေအနေကိုပါ ပေါ်လွင်အောင်ထည့်သွင်းရေးသားရန်)

(၄) မြေမျက်နှာပြင်သွင်ပြင် -

(၅) မိုးရွာသွန်းမှုအခြေအနေ -

(၆) အိမ်ခြေအရေအတွက် -

(၇) အိမ်ထောင်စုအရေအတွက် -

(၈) လူဦးရေ -

(၉) ကျေးရွာအခြေခံ ဗဟုသုတရှိမှု -

(၁၀) ကျန်းမာရေးဆေးပေးခန်းရှိမှု -

(၁၁) အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ထားရှိမှု -

(၁၂) ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု - (မရှိက ဆောင်ရွက်မည့် အစီအစဉ်ဖော်ပြရန်)

(၁၂-၁) (၁)ရွာ(၁)ဇေတစိုက်ခင်း -

(၁၂-၂) (၁)အိမ်ထောင် သစ်မာ (၂၀)ပင်၊ကျွန်း(၃)ပင် -

(၁၃) ရေရရှိခြင်းအခြေအနေ -(မရှိက ဆောင်ရွက်မည့် အစီအစဉ်ဖော်ပြရန်)

(၁၃-၁)ရေကန် -

(၁၃-၂)အဝီစိတွင်း -

(၁၃-၃)ရေလှောင်တမံ -

(၁၄) ကွင်းဆင်းရွေးချယ်ရေးအဖွဲ့

ဖွဲ့စည်းခြင်း -

| စဉ် | အမည် | ရာထူး/ဌာန | တာဝန် |
|---|---|---|---|
| (၁) | | | အဖွဲ့ခေါင်းဆောင် |
| (၂) | | | အဖွဲ့ဝင် |
| (၃) | | | အဖွဲ့ဝင် |

(၁၅) စိုက်ပျိုးမြေ -ဧက

(၁၅-၁) နွမ်း ဧက

(၁၅-၂) ယာမြေ ဧက

(၁၅-၃) မြေပဲ ဧက

(စသည်များဖော်ပြရန်)

(၁၆) ထင်းလောင်စာရှားပါးမှုအခြေနေ- (ကျေးရွာတွင် ထင်း ရှားပါးမှု အခြေအနေကို ဖော်ပြရန်)

(၁၇) ထင်းအစားအခြားလောင်စာရရှိနိုင်မှု ပမာဏ

(၁၇-၁) နွမ်းရိုး တစ်ဧက ( )တန်နှုန်း x( ) ဧက = ( ) တန်

(၁၇-၂) ပဲစင်းငုံရိုး တစ်ဧက ( )တန်နှုန်း x( ) ဧက = ( ) တန်

(၁၇-၃) မြေပဲခွံ တစ်ဧက ( )တန်နှုန်း x( ) ဧက = ( ) တန်

(စသည်များဖော်ပြပေးရန်)

စုစုပေါင်း = ( ) တန်

(၁၈) ထင်းအစားအခြားလောင်စာလိုအပ်မှုအခြေအနေ

(၁၈-၁) အိမ်ထောင်စု(၁)စု(၁)နှစ်လိုအပ်ချက် = ( ) တန်

(၁၈-၂) အိမ်ထောင်စု( )စု(၁)နှစ် လိုအပ်ချက် = ( ) တန်

-၃-

ကျေးရွာရှိ အိမ်ထောင်စုများအနေဖြင့် စိုက်ခွန့်ပစ္စည်း သုံးစွဲမှု (၁)နှစ်.(      )တန်
လိုအပ်ပါသည်။ ထွက်ရှိမှုမှာ (၁)နှစ် (      )တန်ဖြစ်ပါ၍ လုံလောက်ပါသည်။
(အခြားဖော်ပြရန်ရှိပါကဖော်ပြရန် ဥပမာ- ထန်းလက်၊ ထန်းသီးခြောက်များအစားထိုးသုံးစွဲနိုင်မှု )

(ခ) ထင်းအစားအခြားလောင်စာသုံးစွဲသော စံပြကျေးရွာအဖြစ် ဆောင်ရွက်ပုံအဆင့်ဆင့်

__________တိုင်းဒေသကြီး၊__________ခရိုင်၊__________မြို့နယ်__________
ကျေးရွာအား ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ ဖြစ်ပေါ်လာစေရေးအတွက် အောက်ပါအတိုင်း စည်းရုံးဆောင်ရွက်ခဲ့ပါသည်-

( စံပြကျေးရွာအဖြစ် ဖေါ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု စတင်ဆောင်ရွက်ခဲ့သည်မှ စည်းရုံးပြောပြခြင်း၊ ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူခြင်း၊ စွမ်းအားမြင့် မီးဖိုဖြန့်ဝေခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေး အတည်ပြုခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်း၊ ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးအတည်ပြုခြင်း စသည်တို့ကို အဆင့်ဆင့်ဖေါ်ပြသွားရန် )

၂။ သို့ဖြစ်ပါ၍ __________တိုင်းဒေသကြီး၊ __________ခရိုင်၊ __________ မြို့နယ်၊__________ကျေးရွာအုပ်စုမှ__________ကျေးရွာသည် ထင်းကိုလုံးဝအသုံးမပြုတော့ဘဲ အခြားလောင်စာဖြစ်သော စိုက်ခွန့်ပစ္စည်း__________တို့ကို ရွာလုံးကျွတ်သုံးစွဲနေပြီဖြစ်သဖြင့် (      )ရက်နေ့တွင် **ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာဖြစ်သည်** ဟု ကြေညာ၍ ဆိုင်းဘုတ်စိုက်ထူခဲ့ပြီး ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

ရက်စွဲ။ - -

ဦးစီးအရာရှိ

၃။ လက်ထောက်ညွှန်ကြားရေးမှူး၏သုံးသပ်ချက်(ကျေးရွာ၏စိတ်ပါဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု အခြေအနေ)

______________________________

______________________________

______________________________

ရက်စွဲ။ - -

လက်ထောက်ညွှန်ကြားရေးမှူး

၄။ ညွှန်ကြားရေးမှူး၏သုံးသပ်ချက် (ကျေးရွာ၏စိတ်ပါဝင်စားမှုနှင့်ပူးပေါင်းပါဝင်မှုအခြေအနေ)

ရက်စွဲ။ - -

ညွှန်ကြားရေးမှူး

(၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/ အ-၁/၉ ၁၁၆ – ၁၄၅ | ၁၄
ရက် စွဲ ။၂၀၁၄-ခုနှစ် အောက်တိုဘာလ ၁၀ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး) တိုင်းဒေသကြီး

အကြောင်းအရာ။ **တည်ထောင်ပြီး စံပြကျေးရွာများ၏ ရလာဒ်များအား စိစစ်သုံးသပ် တင်ပြရန်ကိစ္စ။**

ရည်ညွှန်းချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ မန္တလေးမြို့၏ (၈-၉-၂၀၁၄) ရက်နေ့ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်။

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုတွင် ထင်းသုံးစွဲမှုကြောင့် သဘာဝတောများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအား ထင်းအစားအခြားလောင်စာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေရန် ရည်ရွယ်၍ ရွာလုံးကျွတ် စွမ်းအားမြင့်မီးဖိုသုံးစွဲသည့် စံပြကျေးရွာများကို မြို့နယ်အသီးသီးတွင် ၂၀၀၁-၂၀၀၂ခုဘဏ္ဍာနှစ်မှ စတင်၍ တည်ထောင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ၂၀၀၁-၂၀၀၂ခုဘဏ္ဍာနှစ်မှ စတင်၍ စံပြကျေးရွာများကို နှစ်စဉ်လျာထားချက်များ ချမှတ်လျက် ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင်၂၀၁၄-၂၀၁၅ခုဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး (၃)ခု အတွင်း ထင်းအစားအခြားလောင်စာနှင့် စွမ်းအားမြင့်အဝေမ်းမီးဖိုသုံးစွဲသည့် စံပြကျေးရွာပေါင်း (၄၅၉)ရွာ (စစ်ကိုင်း တိုင်းဒေသကြီးတွင် စံပြကျေးရွာ (၁၇၂) ရွာ၊ မကွေးတိုင်းဒေသကြီးတွင် (၁၃၇) ရွာနှင့် မန္တလေး တိုင်းဒေသကြီးတွင် (၁၅၀)ရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ စံပြကျေးရွာတည်ထောင်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်တည်ထောင်ပြီးရလဒ်များအား စိစစ်သုံးသပ်နိုင်ရန်အတွက် ပထမဦးစွာ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် တည်ထောင်ခဲ့သော ပူးတွဲ(၁)ပါ စံပြကျေးရွာများအား အောက်ပါအချက်တို့ကို အခြေခံလျက် ပူးတွဲ -၂ ပုံစံဖြင့် ကွင်းဆင်းစာရင်းကောက်ယူရန်ဖြစ်ပါသည်-

(က) ဌာနမှဖြန့်ဝေခဲ့သည့် အဝေမ်းမီးဖိုအရေအတွက်နှင့်ယခုစစ်ဆေးချိန်တွင် အမှန်သုံးစွဲလျက်ရှိသည့် အရေအတွက်

(မှတ်ချက်။ ဖြန့်ဝေသည့်အရေအတွက်ထက် သုံးစွဲမှုလျော့နည်းပါက လျော့နည်းရသည့်အကြောင်း အရင်း)

(ခ) ဌာနမှဖြန့်ဝေစဉ်တွင် မရရှိသည့် အိမ်ထောင်စုများရှိခဲ့ပါက မိမိအစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲမှု ရှိ/မရှိ (ရှိပါက အရေအတွက်တင်ပြရန်)

(ဂ) ဌာနမှဖြန့်ဝေခဲ့သည့်အပေါ် ပျက်စီးသွား၍ မိမိအစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲမှု ရှိ/မရှိ (ရှိပါက အရေအတွက်တင်ပြရန်)

(ဃ) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲမှုရှိ/မရှိ ( ရှိက အမျိုးအမည်ဖြင့် တစ်နှစ်သုံးစွဲပမာဏ ဖော်ပြရန် (ဥပမာ- တန်၊ လှည်းစီးရေ... အစရှိသည်) )

(င) စွမ်းအားမြင့်မီးဖိုဖြန့်ဝေရရှိခဲ့သဖြင့် ယခင်ကထက် ထင်းကုန်ကျမှုလျော့နည်းမှုရှိမရှိ (ရှိက ခန့်မှန်း တန်၊ လှည်းစီးရေ)

(စ) စံပြကျေးရွာတွင် ဌာနမှဆောင်ရွက်ပေးသည့်ရေရရှိရေးလုပ်ငန်းနှင့် တစ်ရွာတစ်ဇက၊ တစ်အိမ်ထောင်ကျွန်း(၃)ပင်၊ သစ်မာ(၂၈)ပင်၊ ပြည်သူ့ဇယ်ပိုပြ ရှိ/မရှိ ( ရှိက လက်ရှိအခြေအနေ အောင်မြင်မှု)

၄။ ထိုသို့ စာရင်းကောက်ယူရာတွင် စံပြကျေးရွာရှိ အိမ်ထောင်စုအားလုံးကို ပူးတွဲ(၂)ပုံစံဖြင့် လွှမ်းခြုံစာရင်းကောက်ယူ၍ ပြုစုဖော်ပြရန်ဖြစ်ပြီး အယက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲ(၃)ဖြင့် ကျေးရွာအလိုက်ပြုစု၍ ညွှန်ကြားရေးမှူး၏ သုံးသပ်ချက်နှင့်တကွ (၃၁-၁၀-၂၀၁၄) ရက်နေ့ နောက်ဆုံးထား ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
( အောင်ချိန်၊ ညွှန်ကြားရေးမှူး(အင်/ယာ) )

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- ရုံးလက်ခံ
- မျှောစာတွဲ
- အမှတ်တွဲဖိုင်

ပူးတွဲ(၁)

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် တည်ဆောက်ပြီး ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲသည့် စံပြကျေးရွာများ စာရင်း

| စဉ် | တိုင်းဒေသကြီး | ခရိုင် | မြို့နယ် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ရွှေဘို | မင်းပေး | |
| | | | ခင်ဦး | သရက်ကန် | |
| | | မုံရွာ | မုံရွာ | သာယာခု | |
| | | | ချောင်းဦး | မိုင်တဲ | |
| | | | အရာတော် | ကျောက်ပျောက်(တ) | |
| | | ယင်းမာပင် | ယင်းမာပင် | ရွာသာ | |
| | | စစ်ကိုင်း | စစ်ကိုင်း | နုံးတွင်း | |
| | | | မြောင် | ဖွားစော | |
| ၂ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ | မြိုင် | ထန်းငယ်တော | |
| | | | ပခုက္ကူ | ကန်တော် | |
| | | | ဆိပ်ဖြူ | ထန်းပင်ချောင်း | |
| | | မကွေး | ချောက် | မိုလာ | |
| | | | ရေနံချောင်း | အေးရွာ | |
| | | | နတ်မောက် | ရွာသစ် | |
| | | | တောင်တွင်းကြီး | ထန်းပင်တဲ | |
| | | မင်းဘူး | မင်းဘူး | လေးပင် | |
| | | | ငဖဲ | နယ်အေး | |
| | | သရက် | သရက် | ရေမျက် | |
| | | | မင်းတုန်း | ကျီးကန် | |
| | | | ကံမ | ပယ်ကျ | |

D/Khet Khal/model villages

| စဉ် | တိုင်းဒေသကြီး | ခရိုင် | မြို့နယ် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၃ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည် | မြစ်သား | အောက်ဘက်စုံ | |
| | | | တံတားဦး | ဗွေးဆောင် | |
| | | မြင်းခြံ | မြင်းခြံ | ကန်ပေါက် | |
| | | | နွားထိုးကြီး | ဖလံကုန်း | |
| | | | ငါန်းဇွန် | ညောင်ချောင်း | |
| | | ညောင်ဦး | ညောင်ဦး | နပ္ပလင် | |
| | | မိတ္ထီလာ | ဝမ်းတွင်း | ဘုရားဖြူ | |
| | | | မလှိုင် | သဘွတ်ကုန်း | |
| | | ရမည်းသင်း | ရမည်းသင်း | | |
| | နေပြည်တော်ကောင်စီနယ်မြေ | နေပြည်တော် | တပ်ကုန်း | ကြပ်ချောင်း | |

(၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်၊ အင်ယာ/စိမ်းလန်း/ထင်း(လစ)/၆၁၀ - ၁၄/၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး) တိုင်းဒေသကြီး

အကြောင်းအရာ။ ယခင်တည်ထောင်ပြီးစံပြကျေးရွာများနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း တည်ထောင်သည့် ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာများအနက် ရေရှည် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ကောင်းသော ထူးချွန်စံပြကျေးရွာ (ပထမ) ရွေးချယ်တင်ပြရန်ကိစ္စ

ရည်ညွှန်းချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ အင်ဂျင်နီယာဌာန၏ (၁၇-၁၀-၂၀၁၆)ရက်စွဲပါစာအမှတ်၊ အင်ယာ/ ရုံးတွင်းစာ (၅၈၃)။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာများအနက် ရေရှည်ပူးပေါင်းပါဝင်ဆောင်ရွက်မှုကောင်းသော ထူးချွန်စံပြကျေးရွာ ရွေးချယ်ဆုချီးမြှင့်နိုင်ရေးအတွက် တည်ထောင်ပြီးစံပြကျေးရွာများနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း တည်ထောင်သည့် ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာများအနက် ရေရှည် ပူးပေါင်းပါဝင် ဆောင်ရွက်မှုကောင်းသော ထူးချွန်စံပြကျေးရွာ ရွေးချယ်မည့် စီမံချက်အား ပူးတွဲ ပေးပို့အပ်ပါသည်။

၂။ ဌာနကိုယ်စားပြု ထင်းအစား အခြားလောင်စာသုံး ထူးချွန်စံပြကျေးရွာဆု ချီးမြှင့်နိုင်ရေးအတွက် တိုင်းဒေသကြီး(၃)ခုတို့မှ ခရိုင်အဆင့်စိစစ်ရေးအဖွဲ့၊ တိုင်းဒေသကြီးအဆင့် စိစစ်ရေးအဖွဲ့အား ပူးတွဲစီမံချက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိစစ်ရေးအဖွဲ့များသည် သက်ဆိုင်ရာ အဆိုပြုတင်ပြကြသည့် စံပြကျေးရွာများသို့ ကွင်းဆင်းစိစစ်ခြင်းနှင့် စီမံချက်ပါအတိုင်း စိစစ်ရေးအဖွဲ့အလိုက် တင်ပြဆောင်ရွက်ရမည့်စာရင်းအားအမှတ် အများ၊ အနဲအလိုက် စနစ်တကျ တန်းစီဖော်ပြစုကာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်တင်ပြရမည်ဖြစ်ကြောင်း သိရှိဆောင်ရွက် တင်ပြနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၂၆၊ ၁၀၊ ၂၀၁၆

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဒေါ်ဌေး၊ ညွှန်ကြားရေးမှူး (အင်/ယာ)]

C:\Users\...\Desktop\2016-2017 general 16.docx

မိတ္တူ-

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့

ညွှန်ကြားရေးမှူး(စီမံကိန်း)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့

ရုံးလက်ခံ။

မျှောစာတွဲ။

- အမှတ်တွဲဖိုင်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
တည်ထောင်ပြီးနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တည်ထောင်သော
ထမင်းအစားအခြားလောင်စာသုံး စံပြကျေးရွာများအား ပြန်လည်စိစစ်၍
ရေရှည်ဖူးပေါင်းပါဝင်ဆောင်ရွက်မှုကောင်းသော ထူးချွန်စံပြကျေးရွာ ရွေးချယ်မည့်စိမံချက်

**နိဒါန်း**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုရှိ တည်ထောင်ပြီးနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း တည်ထောင်ဆောင်ရွက်လျက်ရှိသော စံပြကျေးရွာများအနက် စွမ်းအားမြင့်မီးဖိုသုံးစွဲမှု၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းလောင်စာသုံးစွဲမှုနှင့် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ရေရှည်ပူးပေါင်းပါဝင်ဆောင်ရွက်မှုကောင်းသည့်ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာများအား ထူးချွန်စံပြကျေးရွာအဖြစ် တိုင်းဒေသကြီး(၁)ခုလျှင် (၁)ရွာ ရွေးချယ်၍ ဆုချီးမြှင့်ရန်အတွက် စိစစ်ရွေးချယ်ခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။

**စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၃။ ရေရှည်ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ထူးချွန်စံပြကျေးရွာ ဆုချီးမြှင့်ရန်အတွက် စိစစ်ရွေးချယ်ရေးအဖွဲ့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ခရိုင်အဆင့် စိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်း။** ခရိုင်အဆင့်စိစစ်ရေးအဖွဲ့သည် ခရိုင်အတွင်းရှိမြို့နယ်များ၏ တည်ထောင်ပြီးနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တည်ထောင်ခဲ့သည့် စံပြကျေးရွာ(၁)ရွာစီကို အမှတ်ပေးစည်းမျဉ်းအတိုင်း စိစစ်ပြီး အမှတ်အများ၊ အနဲအလိုက် တန်းစီဇယားပြုလုပ်တင်ပြရန်ဖြစ်ပါသည်။ ခရိုင်အဆင့်စိစစ်ရေးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းရပါမည်-

| | |
|---|---|
| (၁) ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး | - အဖွဲ့ခေါင်းဆောင် |
| (၂) ခရိုင်အတွင်း ဦးစီးအရာရှိ (၂)ဦး | - အဖွဲ့ဝင်များ |
| (၃) ခရိုင်အတွင်း တောအုပ်ကြီး (၂)ဦး | - အဖွဲ့ဝင်များ |

(ခ) **တိုင်းဒေသကြီးတစ်ခုလျှင် ထူးချွန်စံပြကျေးရွာ(၂)ရွာစီ (ပဏာမ)ရွေးချယ်မည့်အဖွဲ့ဖွဲ့စည်းခြင်း။** တိုင်းဒေသကြီးစိစစ်ရွေးချယ်ရေးအဖွဲ့သည်ခရိုင်အဆင့်မှ ရွေးချယ်စိစစ်တင်ပြထားသည့် စံပြကျေးရွာများအားကွင်းဆင်းစိစစ်၍ တိုင်းကိုယ်စား[illegible]

ထူးချွန်စံပြကျေးရွာ(၂)ရွာစီအား အမှတ်အများ၊ အနဲအလိုက် တန်းစီဇယားပြုလုပ်၍ (ပဏာမ)ရွေးချယ်အဆိုပြုတင်ပြရမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအဆင့် စိစစ်ရေးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းရပါမည် -

(၁) တိုင်းဒေသကြီးညွှန်ကြားရေးမှူး - အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီးဒုတိယညွှန်ကြားရေးမှူး - ဒု-အဖွဲ့ခေါင်းဆောင်

(၃) ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(၂)ဦး - အဖွဲ့ဝင်များ

(ဂ) **တိုင်းဒေသကြီးတစ်ခုလျှင် ထူးချွန်စံပြကျေးရွာ(၁)ရွာစီ ကွင်းဆင်းစိစစ် အတည်ပြုရွေးချယ်မည့် ဦးစီးရုံးချုပ်၏ စိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်း။** တိုင်းဒေသကြီးများမှ စိစစ်ကာ ပဏာမ ရွေးချယ်တင်ပြလာသည့် စံပြကျေးရွာ (၂)ရွာစီအနက်မှ (၁)ရွာစီအား ထူးချွန်စံပြကျေးရွာအဖြစ် ကွင်းဆင်းစိစစ် အတည်ပြု ရွေးချယ်ပြီး ၎င်းကျေးရွာများအနက်မှ ဌာန ကိုယ်စားပြုထူးချွန်စံပြကျေးရွာအား အမှတ်အများ၊ အနဲအလိုက် တင်ပြရန်ဖြစ်ပါသည်။ ဦးစီးရုံးချုပ်၏ ထူးချွန်စံပြကျေးရွာ ဆုချီးမြှင့်ရေးဆိုင်ရာ စိစစ်ရေးအဖွဲ့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်-

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် - အဖွဲ့ခေါင်းဆောင်

(၂) ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) - ဒု-အဖွဲ့ခေါင်းဆောင်

(၃) ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း) - အဖွဲ့ဝင်

(၄) ဦးစီးအရာရှိ(အင်ဂျင်နီယာ) - အဖွဲ့ဝင်

**ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ**

၄။ (က) ခရိုင်အဆင့် စိစစ်ရေးအဖွဲ့သည် ခရိုင်တွင်းရှိ မြို့နယ်များမှ မြို့နယ်ကိုယ်စားပြု ရွေးချယ်ထားရှိသည့် စံပြကျေးရွာ(၁)ရွာစီကို ကွင်းဆင်းစိစစ်ပြီး သတ်မှတ် စံနှုန်းအညွှန်းများ(C&I)၊ ထူးချွန်စံပြကျေးရွာဆိုင်ရာအမှတ်ပေးစည်းမျဉ်းများအတိုင်း အမှတ်အများ၊ အနဲအလိုက် ပြုစုပြီး သတ်မှတ်ရက်အရောက် တင်ပြခြင်း။

(ခ) ခရိုင်များမှ စိစစ်တင်ပြသည့် စံပြကျေးရွာများအား တိုင်းဒေသကြီးစိစစ်ရေးအဖွဲ့မှ ကွင်းဆင်းစိစစ်ကာ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ရမှတ်အများဆုံး စံပြကျေးရွာ (၂)ရွာအား တိုင်းကိုယ်စားပြု ထူးချွန်စံပြကျေးရွာ (ပဏာမ)အဖြစ် အမှတ်အများ၊အနဲအလိုက် တန်းစီဇယားပြုလုပ်၍ သတ်မှတ်ရက်အရောက် ရွေးချယ်တင်ပြခြင်း။

(ဂ) ဦးစီးရုံးချုပ် စိစစ်ရေးအဖွဲ့သည် တိုင်းဒေသကြီးအဆင့် စိစစ်ရေးအဖွဲ့အသီးသီးမှ ရွေးချယ်တင်ပြလာသည့် ထူးချွန်စံပြကျေးရွာ(ပဏာမ)(၂)ရွာစီအား ကွင်းဆင်းစိစစ်၍ တိုင်းဒေသကြီး(၁)ခုလျှင် ထူးချွန်စံပြကျေးရွာ (၁)ရွာစီကို ဌာန ကိုယ်စားပြုထူးချွန်စံပြကျေးရွာအဖြစ် ပထမ၊ ဒုတိယ၊ တတိယအဆင့်သတ်မှတ်၍ အတည်ပြုသတ်မှတ်ရွေးချယ် တင်ပြခြင်း။

ဆောင်ရွက်ရမည့်ကာလ

၅။ (၈-၁၁-၂၀၁၆)ရက်နေ့မှ (၂၇-၁၂-၂၀၁၆)ရက်နေ့ထိ။

**စိစစ်ရေးအဖွဲ့အလိုက် တင်ပြဆောင်ရွက်ရမည့် အခြေအနေ**

၆။ (က) **ခရိုင်အဆင့်စိစစ်ရေးအဖွဲ့မှ ရွေးချယ်ခြင်း ။** ခရိုင်အဆင့်စိစစ်ရေးအဖွဲ့မှ တည်ဆောက်ပြီးနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသော စံပြကျေးရွာများအား အမှတ်ပေးစာရင်းနှင့်အတူ (၁၈-၁၁-၂၀၁၆)ရက်နေ့အရောက် တိုင်းဒေသကြီး စိစစ်ရေးအဖွဲ့သို့ ပူးတွဲပါ ရွေးချယ်ခြင်း အစီရင်ခံစာအတိုင်း ပြုစုပေးပို့ရန်ဖြစ်ပါသည်။

(ခ) **တိုင်းဒေသကြီးစိစစ်ရေးအဖွဲ့မှ ရွေးချယ်ခြင်း။** တိုင်းဒေသကြီးစိစစ်ရေးအဖွဲ့မှ တာဝန်ယူမှု/တာဝန်ခံမှုဖြင့် စိစစ်အကဲဖြတ်မှုနည်းစနစ်များအတိုင်း ထူးချွန်စံပြကျေးရွာ(၂)ရွာစီ ရွေးချယ်ဆောင်ရွက်သွားရန်နှင့် (၈-၁၂-၂၀၁၆)ရက်နေ့အရောက် ဦးစီးရုံးချုပ်သို့ တင်ပြရန် ဖြစ်ပါသည်။

(ဂ) **ဦးစီးရုံးချုပ် စိစစ်ရေးအဖွဲ့မှရွေးချယ်ခြင်း။** ဦးစီးရုံးချုပ်စိစစ်ရေးအဖွဲ့မှ ကွင်းဆင်း စိစစ်ပြီး တိုင်းဒေသကြီးတစ်ခုလျှင် ထူးချွန် စံပြကျေးရွာ(၁)ရွာစီ ရွေးချယ်၍ (၂၇.၁၂.၂၀၁၆)ရက်နေ့အရောက် ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရန်ဖြစ်ပါသည်။

**စိစစ်အကဲဖြတ်မှု နည်းစနစ်**

၇။ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ဟောပြောပွဲများတွင် စွမ်းအားမြင့်မီးဖိုလုံးဝ ပိုမိုဖြန့်ဖြူးရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တည်ဆောက်ဆောင်ရွက်လျက်ရှိသော စံပြကျေးရွာများအား ရွာလုံးကျွတ်မီးဖိုဖြန့်ဝေမည်ဖြစ်၍ ထူးချွန်စံပြကျေးရွာ စိစစ်ရွေးချယ်ခြင်း၏ အကဲဖြတ်အမှတ်ပေးခြင်းအား **ယခင်ဘဏ္ဍာနှစ်များမှ တည်ဆောက်ခဲ့သော စံပြကျေးရွာများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တည်ဆောက်ဆောင်ရွက်လျက်ရှိသော ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာများအလိုက်** သီးခြားအကဲဖြတ်အမှတ်ပေးစည်းမျဉ်းများ ရေးဆွဲမှုအရ အောက်ဖော်ပြပါအတိုင်း စိစစ်ဆောင်ရွက်စေမည်ဖြစ်ပါသည်-

(က) **တည်ဆောက်ပြီးစံပြကျေးရွာများ၏အကဲဖြတ်အမှတ်ပေးစည်းမျဉ်း။** အိမ်ခြေ (၁၂၀)အထက် စံပြကျေးရွာများအား အခြေခံ၍ စွမ်းအားမြင့်မီးဖို လက်ရှိသုံးစွဲမှု (၃၀)လုံးအထက်အား ရွေးချယ်ဆောင်ရွက်သွားရန်-

(၁) **စွမ်းအားမြင့်မီးဖိုသုံးစွဲခြင်း** (ထင်းအစားအခြားလောင်စာသုံး အခြားမီးဖိုများ ဥပမာ-စပါးခွံမီးဖို သုံးစွဲမှုများပါ ဖော်ပြပြီးအမှတ်ပေးရန်)

(ကက) ရွာတွင်လက်ရှိသုံးစွဲမှု ၉၀ လုံး အထက် (၂၀)မှတ်

(ဖြန့်ဖြူး+မိမိအစီအစဉ်ဖြင့်သုံးစွဲမှု)

| | | |
|---|---|---|
| ( ခ ခ ) ရွာတွင်လက်ရှိသုံးစွဲမှု | ၇၁ လုံး-၉၀ လုံး ကြား | (၁၅)မှတ် |
| ( ဂ ဂ ) ရွာတွင်လက်ရှိသုံးစွဲမှု | ၅၁ လုံး-၇၀ လုံး ကြား | (၁၀)မှတ် |
| (ဃဃ) ရွာတွင်လက်ရှိသုံးစွဲမှု | ၃၁ လုံး-၅၀ လုံး ကြား | (၅)မှတ် |
| ( င င ) ရွာတွင်လက်ရှိသုံးစွဲမှု | ၃၀%အောက်(ထည့်သွင်းမစဉ်းစားရန်) | |

(၂) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲမှု/သိုလှောင်မှု

| | | |
|---|---|---|
| (ကက) ရွာရှိအိမ်ထောင်စုဦးရေ၏ | ၉၀ % အထက် | (၂၀)မှတ် |
| ( ခ ခ ) ရွာရှိအိမ်ထောင်စုဦးရေ၏ | ၇၁%-၉၀% ကြား | (၁၅)မှတ် |
| ( ဂ ဂ ) ရွာရှိအိမ်ထောင်စုဦးရေ၏ | ၅၁%-၇၀% ကြား | (၁၀)မှတ် |
| (ဃဃ) ရွာရှိအိမ်ထောင်စုဦးရေ၏ | ၂၅%-၅၀% ကြား | (၅)မှတ် |
| ( င င ) ရွာရှိအိမ်ထောင်စုဦးရေ၏ | ၂၅% အောက်(ထည့်သွင်းမစဉ်းစားရန်) | |

(၃) **စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းထွက်ရှိမှု သို့မဟုတ် သုံးစွဲနိုင်သော ဇစ်မြစ်ဖော်ပြမှု** (ကျေးရွာ၏ လယ်/ယာမှ ထွက်ရှိသော စိုက်/စွန့်ပစ္စည်းနှင့် နှစ်ရှည်(ဥပမာ-ထန်း/ဇီးခွဲခြမ်း/ပြောင်းရိုး) အမျိုးအစားအလိုက် အမှတ်ပေးရန်နှင့် စိုက်/စွန့်ပစ္စည်းရရှိနိုင်သောဇစ်မြစ်နှင့် လက်ရှိသုံးစွဲနေမှုအပေါ် အတည်ပြုအမှတ်ပေးရန်)

| | | |
|---|---|---|
| (ကက) သုံးစွဲသည့်အိမ်ထောင်စု၏အမှန်လိုအပ်ချက် | ၉၀ % အထက် | (၂၀)မှတ် |
| ( ခ ခ) သုံးစွဲသည့်အိမ်ထောင်စု၏အမှန်လိုအပ်ချက် | ၇၁%-၉၀% ကြား | (၁၅)မှတ် |
| ( ဂ ဂ) သုံးစွဲသည့်အိမ်ထောင်စု၏အမှန်လိုအပ်ချက် | ၅၁%-၇၀% ကြား | (၁၀)မှတ် |
| (ဃဃ)သုံးစွဲသည့်အိမ်ထောင်စု၏အမှန်လိုအပ်ချက် | ၃၁%-၅၀% ကြား | (၅)မှတ် |
| ( င င ) သုံးစွဲသည့်အိမ်ထောင်စု၏အမှန်လိုအပ်ချက် | ၃၀%အောက် (ထည့်သွင်းမစဉ်းစားရန်) | |

(၄) **ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု။** ဒေသနှင့်ဖြစ်နှင့်ဝေသော တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ သစ်မာ(၂၀)ပင်၊ တစ်ရွာတစ်ဧက၊ ကျေးရွာသုံးစိုက်ခင်း တည်ထောင်ထားရှိမှု၊ ရှင်သန်မှု၊ ထုတ်ယူသုံးစွဲမှု၊ ရွာဝန်းကျင်သဘာဝတောအား ထိန်းသိမ်းမှုများနှင့် မိမိအစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းထားမှုများ

(ကက)ရွာနှမှ ဖြန့်ဝေစိုက်ပျိုးမှုအား ထိန်းသိမ်းမှုအပေါ် အကဲဖြတ်ခြင်း

| | | |
|---|---|---|
| - မူလစိုက်ပင်၏ ရှင်သန်မှု | ၉၀ % အထက် | (၂၀)မှတ် |
| - မူလစိုက်ပင်၏ ရှင်သန်မှု | ၈၁%-၉၀% ကြား | (၁၅)မှတ် |
| - မူလစိုက်ပင်၏ ရှင်သန်မှု | ၇၁%-၈၀% ကြား | (၁၀)မှတ် |
| - မူလစိုက်ပင်၏ ရှင်သန်မှု | ၆၁%-၇၀% ကြား | (၅)မှတ် |
| - မူလစိုက်ပင်၏ ရှင်သန်မှု (ထည့်သွင်းမစဉ်းစားရန်) | ၆၀%အောက် | |

(ခခ)ရွာနှမှ ဖြန့်ဝေသော ပျိုးပင်များဖြင့် စိုက်ပျိုးခြင်းမဟုတ်သော်လည်း ကျေးရွာ အိမ်ထောင်စုများ၏ နေအိမ်ဝင်း/ယာစည်းရိုးများတွင် ကိုယ်တိုင်စိုက်ပျိုး/ ခုတ်ယူ/ထိန်းသိမ်းမှုအခြေအနေ

| | | |
|---|---|---|
| - ရွာရှိအိမ်ထောင်စု၏ | ၉၀ % အထက် | (၂၀)မှတ် |
| - ရွာရှိအိမ်ထောင်စု၏ | ၇၁%-၉၀% ကြား | (၁၅)မှတ် |
| - ရွာရှိအိမ်ထောင်စု၏ | ၅၁%-၇၀% ကြား | (၁၀)မှတ် |
| - ရွာရှိအိမ်ထောင်စု၏ | ၃၁%-၅၀% ကြား | (၅)မှတ် |
| - ရွာရှိအိမ်ထောင်စု၏ | ၃၀% အောက် (ထည့်သွင်းမစဉ်းစားရန်) | |

(၅)မြို့နယ်တာဝန်ခံ၏ စံပြကျေးရွာသို့ ရောက်ရှိစိစစ်မှု၊ စည်းရုံးဆောင်ရွက်မှုနှင့် မြို့နယ်အစီအစဉ်ဖြင့်ဆောင်ရွက်မှုအခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၆)ခရိုင်တာဝန်ခံ၏ စံပြကျေးရွာသို့ ရောက်ရှိစိစစ်မှု၊ စည်းရုံးဆောင်ရွက်မှုနှင့် ခရိုင်အစီအစဉ်ဖြင့် ဆောင်ရွက်မှု အခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၇)စွမ်းအားမြင့်မီးဖိုများ သုံးစွဲမှုအရ ရွာသူ/သားများ၏ အကြံပြုမှုနှင့် စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၈) စွမ်းအားမြင့်မီးဖိုများအား အခြားကျေးရွာအိမ်ထောင်စုများ သုံးစွဲနိုင်ရေး သတင်းဖြန့်ဝေဆောင်ရွက်နိုင်မှု အခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(ခ)၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တည်ထောင်ဆောင်ရွက်နေသော စံပြကျေးရွာများ၏ အကဲဖြတ်အမှတ်ပေးစည်းမျဉ်း

(၁) စွမ်းအားမြင့်မီးဖိုသုံးစွဲခြင်း

(ကက) ရွာရှိအိမ်ထောင်စုဦးရေ၏ ၉၀ % အထက် (၂၀)မှတ်
(ရွာလုံးကျွတ်သုံးစွဲမှု)

(ခ ခ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၈၁%-၉၀% ကြား (၁၅)မှတ်

(ဂ ဂ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၇၁%-၈၀% ကြား (၁၀)မှတ်

(ဃဃ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၆၁%-၇၀% ကြား (၅)မှတ်

(င င) ရွာရှိအိမ်ထောင်စုဦးရေ၏ ၆၀% အောက် (ထည့်သွင်းမစဉ်းစားရန်)

(၂) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲမှု (အမျိုးအစားအလိုက် ဖော်ပြပြီးအမှတ်ပေးရန်)

(ကက) ရွာရှိအိမ်ထောင်စုဦးရေ၏ ၉၀ % အထက် (၂၀)မှတ်

(ခ ခ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၈၁%-၉၀% ကြား (၁၅)မှတ်

(ဂ ဂ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၇၁%-၈၀% ကြား (၁၀)မှတ်

(ဃဃ) ရွာရှိအိမ်ထောင်စုဦးရေ၏ ၆၁%-၇၀% ကြား (၅)မှတ်

(င င) ရွာရှိအိမ်ထောင်စုဦးရေ၏ ၆၀% အောက် (ထည့်သွင်းမစဉ်းစားရန်)

(၃) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းထွက်ရှိမှု/ သိုလှောင်ထားမှု (အမျိုးအစားလိုက် ဖော်ပြပြီး အမှတ်ပေးရန်)

(ကက) တစ်ရွာလုံးအမှန်လိုအပ်ချက်၏ ၉၀ % အထက် (၂၀)မှတ်

(ခ ခ) တစ်ရွာလုံးအမှန်လိုအပ်ချက်၏ ၈၁%-၉၀% ကြား (၁၅)မှတ်

(ဂ ဂ) တစ်ရွာလုံးအမှန်လိုအပ်ချက်၏ ၇၁%-၈၀% ကြား (၁၀)မှတ်

(ဃဃ) တစ်ရွာလုံးအမှန်လိုအပ်ချက်၏ ၆၁%-၇၀% ကြား (၅)မှတ်

(င င) တစ်ရွာလုံးအမှန်လိုအပ်ချက်၏ ၆၀%အောက်(ထည့်သွင်းမစဉ်းစားရန်)

(၄) ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု။ ဌာနမှဖြန့်ဝေသော တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ သစ်မာ(၂၀)ပင်၊ တစ်ရွာတစ်ဧက၊ ကျေးရွာသုံးစိုက်ခင်း တည်ထောင်ထားရှိမှု၊ ရှင်သန်မှု၊ ထုတ်ယူသုံးစွဲမှု၊ ရွာဝန်းကျင် သဘာဝတောအား ထိန်းသိမ်းမှုနှင့် မိမိအစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးထားမှု

(ကက)ဌာနမှ ဖြန့်ဝေစိုက်ပျိုးမှုအပေါ် အကဲဖြတ်ခြင်း

- မူလစိုက်ပင်၏ ရှင်သန်မှု ၉၀ % အထက် (၂၀)မှတ်
- မူလစိုက်ပင်၏ ရှင်သန်မှု ၈၁%-၉၀% ကြား (၁၅)မှတ်
- မူလစိုက်ပင်၏ ရှင်သန်မှု ၇၁%-၈၀% ကြား (၁၀)မှတ်

- ပူလစိုက်ပင်၏ ရှင်သန်မှု ၆၀%-၇၀% ကြား (၅)မှတ်
- ပူလစိုက်ပင်၏ ရှင်သန်မှု ၆၀%အောက်
(ထည့်သွင်းမစဉ်းစားရန်)

( ခခ )ဌာနမှ ဖြန့်ဝေသော ပျိုးပင်များဖြင့် စိုက်ပျိုးခြင်းမဟုတ်သော်လည်း ကျေးရွာ အိမ်ထောင်စုများ၏ နေအိမ်ဝင်း/ ယာစည်းရိုးများတွင် ကိုယ်တိုင် စိုက်ပျိုး/ နုတ်ယူ/ထိန်းသိမ်းမှုအခြေအနေ

- ရွာရှိအိမ်ထောင်စု၏ ၉၀ % အထက် (၂၀)မှတ်
- ရွာရှိအိမ်ထောင်စု၏ ၇၁%-၉၀% ကြား (၁၅)မှတ်
- ရွာရှိအိမ်ထောင်စု၏ ၅၁%-၇၀% ကြား (၁၀)မှတ်
- ရွာရှိအိမ်ထောင်စု၏ ၃၁%-၅၀% ကြား (၅)မှတ်
- ရွာရှိအိမ်ထောင်စု၏ ၃၀% အောက် (ထည့်သွင်းမစဉ်းစားရန်)

(၅) မြို့နယ်တာဝန်ခံ၏ စံပြကျေးရွာသို့ ရောက်ရှိစိစစ်မှု၊ စည်းရုံးဆောင်ရွက်မှုနှင့် မြို့နယ် အစီအစဉ်ဖြင့်ဆောင်ရွက်မှု အခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၆) ခရိုင်တာဝန်ခံ၏ စံပြကျေးရွာသို့ ရောက်ရှိစိစစ်မှု၊ စည်းရုံးဆောင်ရွက်မှုနှင့် ခရိုင်အစီ အစဉ်ဖြင့်ဆောင်ရွက်မှု အခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၇) စွမ်းအားမြင့်မီးဖိုများ သုံးစွဲမှုအရ ကျေးရွာသူ/သားများ၏ အကြံပြုမှုနှင့် စိတ်ဝင်စား စွာ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

(၈) စွမ်းအားမြင့်မီးဖိုများအား အခြားကျေးရွာအိမ်ထောင်စုများ သုံးစွဲနိုင်ရေး သတင်း ဖြန့်ဝေဆောင်ရွက်နိုင်မှု အခြေအနေအပေါ် သုံးသပ်တင်ပြချက် (၅)မှတ်

**ထူးချွန်ဆုချီးမြှင့်ခြင်း**

၈။ ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုမှုအရ သက်မှတ်အချက်အလက်များနှင့် ကိုက်ညီသော စံပြကျေးရွာများအား ထူးချွန်စံပြကျေးရွာအဖြစ် ရွေးချယ်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် ဆုချီးမြှင့်နိုင်ရေး တင်ပြဆောင်ရွက် သွားပါမည်။

**နိဂုံး**

၉။ ယခင်ဘဏ္ဍာနှစ်များတွင် တည်ထောင်ခဲ့သော စံပြကျေးရွာများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း တည်ထောင်လျက်ရှိသော စံပြကျေးရွာများမှ ရေရှည် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကောင်း

သော တိုင်းဒေသကြီး(၃)ခုအတွင်းရှိ ကျေးရွာ(၃)ရွာအား **ထူးချွန်စံပြကျေးရွာအဖြစ်** ဆုချီးမြှင့်နိုင်ရေးနှင့် ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုတွင် စံပြကျေးရွာများ၏ ရေရှည်လိုက်နာဆောင်ရွက်မှုရှိစေရေး ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ပူးပေါင်း ပါဝင်မှုမြင့်မားပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အင်ဂျင်နီယာဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။အင်ယာ/စိမ်းလန်း/ထင်း(လစ)/၆၈၀-၁၄/၂၀၁၇
ရက်   စွဲ။၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာတည်ထောင်ရာတွင် လမ်းညွှန်ချက် စာအုပ်ပါ စံနှင့်အညွှန်း(C&I)အားလိုက်နာဆောင်ရွက်ရန် ကိစ္စ

ရည် ညွှန်း ချက်။
(၁)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးချုပ်ရုံး၏ (၁၃-၁-၂၀၁၁) ရက်စွဲပါစာအမှတ်၊ စိမ်းလန်း/၁၀-၁၃/ ၂၀၁၁
(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၂-၁၀-၂၀၁၄)ရက်စွဲပါစာအမှတ်၊ စိမ်းလန်း/ ထင်း(လစ) / ၉၀၁-၀၃ /၂၀၁၄
(၃)အပူပိုင်ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၈-၁၁-၂၀၁၆) ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ ထင်း(လစ)/ ၆၃၄- ၃၇/၂၀၁၆
(၄) အပူပိုင်ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၂၈-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ ထင်း(လစ)/၄၄၉- ၅၃/၂၀၁၇
(၅) အပူပိုင်ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၄-၉-၂၀၁၇) ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ ထင်း(လစ)/၆၄၉-၅၃/၂၀၁၇

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုတွင် ဆောင်ရွက်လျက်ရှိသည့် စ.ထ.ထ.ရ လုပ်ငန်းများအနက် ထင်းအစားထိုးလောင်စာတိုးမြှင့်သုံးစွဲရေး ကဏ္ဍနှင့်ပတ်သက်၍ ဒေသခံပြည်သူများမှ သဘာဝတောများအပေါ် မှီခိုမှုလျော့ကျစေရန်၊ လယ်ယာစိုက်ပျိုးရေးနှင့် နှစ်ရှည်ပင်များမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား လောင်စာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာစေရန်အတွက် ၂၀၀၁-၂၀၀၂ဘဏ္ဍာနှစ်မှ စတင်၍ နှစ်စဉ်လျာထားချက်များသတ်မှတ် ၍ ထင်းအစားထိုးလောင်စာသုံးစွဲသည့် စံပြကျေးရွာများကို တည်ထောင်ဆောင်ရွက်ခဲ့ပါသည်။ထိုသို့ စံပြကျေးရွာတည်ထောင်ရန်ရွေးချယ်ရာ၌ အထောက်အကူဖြစ်စေရန်တိုင်းဒေသကြီးများသို့ ရည်ညွှန်း(၁)ပါစာဖြင့် ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်းလမ်းညွှန်စာအုပ်ပြုစု ဖြန့်ဝေခဲ့ပါသည်။

၂။ ဆက်လက်၍ ထူင်းအစားထိုးလောင်စာသုံးစွဲသည့် စံပြကျေးရွာတည်ထောင်ခြင်းလမ်းညွှန်ချက်များအား ပြင်ဆင်ဖြည့်စွက်၍ ၂၀၁၄ခုနှစ်တွင် ရည်ညွှန်း(၂)ဖြင့်လည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် ရည်ညွှန်း(၃)ဖြင့်လည်းကောင်း လိုက်နာဆောင်ရွက်ရန် အကြောင်းကြားခဲ့ပြီး ၎င်းပြင်ဆင်ချက်ပါအတိုင်း လမ်းညွှန်ချက်စာအုပ်ပြုစု၍ ရည်ညွှန်း(၄)ပါစာဖြင့် ဖြန့်ဝေခဲ့ပါသည်။

၃။ ယခုအခါ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် မှစ၍ စံပြကျေးရွာတည်ထောင်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စံပြကျေးရွာတည်ထောင်ခြင်းလမ်းညွှန်ချက်များအား ပြန်လည်ပြင်ဆင်၍ ရည်ညွှန်း(၅)ပါစာဖြင့် ဖြန့်ဝေပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်မှစတင်တည်ထောင်မည့် စံပြကျေးရွာများအား ရည်ညွှန်း(၅)ပါစာဖြင့် ဖြန့်ဝေထားသည့် စံပြကျေးရွာတည်ထောင်ခြင်း လမ်းညွှန်ချက်ပါအတိုင်း စနစ်တကျလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စံပြကျေးရွာတည်ထောင် ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက **ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာတည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာ** ပုံစံအတိုင်းပြုစု၍ ရက်သတ္တပတ် အတွင်း အစီရင်ခံစာတင်ပြရန် ညွှန်ကြားပါသည်။

၅။ ယခင်ရည်ညွှန်းပါ(၂၊၃၊၄) စာများအား ဤစာဖြင့်လွှမ်းမိုးပယ်ဖျက်ပါကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဒေါ်ဌေး၊ ညွှန်ကြားရေးမှူး(အင်/ယာ)]

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
မျှောစာတွဲ
ရုံးလက်ခံ
အမှုတွဲဖိုင်

# ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာများတည်ထောင်ခြင်းလမ်းညွှန်ချက်

**နိဒါန်း**

၁။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိသစ်တောများပြုန်းတီးမှုကိုလျော့ချပေးနိုင်သော အကြောင်းအချက်များစွာတွင် ထင်းအစားအခြား လောင်စာသုံးစွဲမှုသည် အရေးပါသောအခန်းမှ ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံလူဦးရေ၏(၈၁%)သည် ထင်း၊ မီးသွေးအား မိရိုးဖလာဓလေ့စရိုက်တစ်ခုအနေဖြင့်အဓိကထားသုံးစွဲလျက်ရှိကြသည့်အတွက်ထင်း၊မီးသွေး သုံးစွဲနေခြင်းအား တစ်စထက်တစ်စလျော့နည်းသွားစေပြီး ထင်းအစားအခြားလောင်စာများ ပိုမိုသုံးစွဲမှု ပြုလုပ်လာစေရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

၂။ (က) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲစေခြင်းအားဖြင့် သဘာဝတောများ ပျက်စီးပြုန်းတီးမှု တဖြည်းဖြည်း လျော့နည်းသွားစေရန်။

(ခ) လယ်ယာစိုက်ပျိုးရေးမှထွက်ရှိလာသောစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအားကျယ်ကျယ်ပြန့်ပြန့် သုံးစွဲ လာစေရန်။

(ဂ) ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာ/ ရပ်ကွက်များမှ စံပြမြို့နယ်/ခရိုင်များအထိ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာစေရန်။

**စံပြကျေးရွာတည်ထောင်ရာတွင်အခြေခံရမည့်စံနှင့်အညွှန်းများ(C&I)**

၃။ ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်ရန်အတွက် အောက်ပါအချက်အလက်များဖြင့် ကိုက်ညီ၍ ရွေးချယ်ဆောင်ရွက်ရမည်-

(က) **ထင်းလောင်စာရှားပါးမှုအခြေအနေ**

(၁) ထင်းလောင်စာရှားပါးသည့် ကျေးရွာဖြစ်ရမည်။

(၂) ထင်းသုံးစွဲမှုသည် ကျေးရွာသုံး ထင်းစိုက်ခင်း(**သို့မဟုတ်**)မိမိတို့၏ နေအိမ်ခြံဝင်းအတွင်းနှင့်ယာစည်းရိုးတို့တွင်ပေါက်ရောက်နေသည့်သစ်ပင်/သစ်ကိုင်းတို့မှ ထွက်ရှိသည့် ထင်းဖြစ်ရပါမည်။

(၃) ကျေးရွာသုံးထင်းစိုက်ခင်းနှင့် သဘာဝတောထိန်း ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှထွက်ရှိသည့် ထင်းသည်ကျေးရွာ၏ ထင်းလိုအပ်ချက်ကို လုံလောက်စွာမဖြည့်ဆည်းနိုင်သော ကျေးရွာဖြစ်ရမည်။

(ခ) **စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲမှုအခြေအနေ**

(၁) ကျေးရွာနေအိမ်များတွင် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြစ်သော 'ပဲစဥ်းငုံရိုး၊ ပြောင်းရိုး၊ မြေပဲရိုး၊ စပါးခွံနှင့် ဝါရိုးတို့ ရရှိနိုင်ရပါမည်။

(၂) ကျေးရွာအိမ်ထောင်စု အရေအတွက်၏ ၃ ပုံ ၂ ပုံခန့်သည် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း သုံးစွဲသည့် ကျေးရွာဖြစ်ရမည်။ အပိုဒ်(၁)ပါ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းနှင့်မလုံလောက်ပါကနှစ်ရှည်ပင်စွန့်ပစ်ပစ္စည်း(အုန်းပင်၊ ထန်းပင်၊ ဘေးထွက်ပစ္စည်းများ)ဖြည့်စွက်အသုံးပြုနိုင်ရပါမည်။

(၃) လျှပ်စစ်မီး(National Grid)မရရှိသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ရပါမည်။

(၄) လျှပ်စစ်မီး (National Grid) ရရှိသည့် ကျေးရွာတွင် လျှပ်စစ်ဖြင့် ချက်ပြုတ်သုံးစွဲမှုမရှိသည့် အိမ်ထောင်စုများသည် နေ့စဉ်ချက်ပြုတ်ရာ၌ ထင်း/မီးသွေးအစား အခြားလောင်စာများ အဓိကသုံးစွဲလျက်ရှိသည့် ကျေးရွာဖြစ်ရမည်။

(ဂ) **စွမ်းအားမြင့်အေဝမ်းမီးဖိုဖြန့်ဝေသုံးစွဲမှု အခြေအနေ**

(၁) စွမ်းအားမြင့်အေဝမ်းမီးဖိုနှင့် ပတ်သက်၍ သုံးစွဲဖူးသော၊ ကြားသိဖူးသော ကျေးရွာဖြစ်ရမည်။

(၂) အိမ်ထောင်စုအားလုံးသို့ စွမ်းအားမြင့် အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးပါက လိုအပ်သည့် လောင်စာကို ထင်း/မီးသွေးအစား အခြားအစားထိုးလောင်စာများအား အဓိကလောင်စာအဖြစ် သုံးစွဲနိုင်သည့် ကျေးရွာဖြစ်ရမည်။

(၃) ဌာနမှအခမဲ့ဖြန့်ဝေမှုအပြင် လိုအပ်ချက်ရှိပါက မိမိအစီအစဉ်ဖြင့်ဝယ်ယူသုံးစွဲနိုင်သည့် ကျေးရွာဖြစ်ရမည်။

(ဃ) **ကျေးရွာ၏ အခြေခံဗဟုသုတရှိမှုအခြေအနေ**

(၁) ကျေးရွာသူ/ကျေးရွာသားများသည် အစားထိုးလောင်စာများအကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံ ဗဟုသုတရှိရမည်။

(၂) ပညာရေးအနေဖြင့် ဟောပြောစည်းရုံးရန် အခြေခံယူနစ်ဖြစ်သည့် မူလတန်းကျောင်း **(သို့မဟုတ်)** ဘုန်းတော်ကြီး ပညာသင်ကျောင်းတို့ရှိရပါမည်။

(၃) စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည့် ကျေးရွာဖြစ်ပြီး NGO / INGO တို့၏ ထောက်ပံ့မှုရရှိသော ကျေးရွာများအား ပိုမိုအလေးထားရွေးချယ်ရမည်။

(င) **စံပြကျေးရွာတည်ထောင်ရန် အိမ်ထောင်စုဦးရေ အခြေအနေ။** အိမ်ထောင်စု(၁၀၀)စု
[illegible]
မှ(၂၀၀)စုအတွင်းရှိသည့် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ဖြစ်ရမည်။

(စ) **လမ်းပန်းဆက်သွယ်/သွားလာမှုအခြေအနေ**

(၁) ရွေးချယ်သည့်ကျေးရွာသည် ဝန်ထမ်းအဆင့်ဆင့်မှ ရာသီမရွေး ကွင်းဆင်း ဟောပြောစည်းရုံးကြီးကြပ် ဆောင်ရွက်နိုင်ရမည်။

(၂) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက် [illegible]

(၃) စီမံအုပ်ချုပ်မှု လွယ်ကူအဆင်ပြေစေရန် ဌာနမှ (စ.ထ.ထ.ရ)လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ **(သို့မဟုတ်)**အနီးအနားရှိ ကျေးရွာ [illegible]

[illegible]
စံပြကျေးရွာပွင့်ကျေးလက်ကျန်းမာရေးဌာန(သို့မဟုတ်)ကိုယ်ထူကိုယ်ထကျန်းမာရေး
ဆေးပေးခန်းများဖွင့်လှစ်ထားရှိပါကပိုမိုကောင်းမွန်ပါသည်။

(ဆ) **ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ။** ဘက်စုံသုံး (၁)ရွာ(၁)နှစ်ကာလအတွင်း အိမ်ထောင်ကျွန်း(၃)ပင်အသီးစား(၂၀)ပင်နှင့် စိုက်ပျိုးပြီးကျေးရွာ **(သို့မဟုတ်)**တည်ထောင်စိုက်ပျိုးရန် စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မည့်အလားအလာရှိသောကျေးရွာ**(သို့မဟုတ်)**ကျေးရွာအတွင်း သစ်တော သစ်ပင်ဖုံးလွှမ်းမှုကောင်းမွန်သောကျေးရွာ ဖြစ်ရမည်။

(ဇ) **ရေရရှိမှုအခြေအနေ။** အခြေခံသောက်သုံးရေဖူလုံမှု အနည်းဆုံး(၅၀%)နှင့် အထက်ရှိသော ကျေးရွာ **(သို့မဟုတ်)** လိုအပ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့် ရေကန် ငယ်တူးဖော်ခြင်း၊မြေအောက်ရေ(အဝီစိတွင်း)တူးဖော်ခြင်း၊ မိုးရေစုကန်တည်ဆောက် ခြင်းလုပ်ငန်းများကို စိတ်ဝင်စားပြီး ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ကျေးရွာဖြစ် ရမည်။

(ဉ) **ပညာပေးဟောပြောခြင်း။** အဆိုပြုကျေးရွာသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည် ရေးဦးစီးဌာနမှထင်းအစားအခြားလောင်စာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အရာများနှင့်ပတ်သက်၍ အနည်းဆုံး(၂)ကြိမ်နှင့်အထက် ဟောပြောပြီးကျေးရွာ **(သို့မဟုတ်)**သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် NGO စသည့် ဌာနအဖွဲ့အစည်းများက (၂)ကြိမ်နှင့်အထက် ဟောပြောဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်၍ အထောက်အထားခိုင်လုံစွာ တင်ပြရမည်။

**စံပြကျေးရွာများကွင်းဆင်းစစ်ဆေး ရွေးချယ်သတ်မှတ်ခြင်း**

၄။ (က) **စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** တိုင်းဒေသကြီး/ ညွှန်ကြားရေးမှူးက မိမိတိုင်းဒေသကြီးအတွင်း စံပြကျေးရွာ ရွေးချယ်စိစစ်ကွင်းဆင်းရန်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) လက်ထောက်ညွှန်ကြားရေးမှူး | တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင် |
| (၂) လက်ထောက်ညွှန်ကြားရေးမှူး | သက်ဆိုင်ရာခရိုင် | အဖွဲ့ဝင် |
| (၃) ဦးစီးအရာရှိ | သက်ဆိုင်ရာမြို့နယ် | အဖွဲ့ဝင် |

(ခ) **ကွင်းဆင်းရွေးချယ်သတ်မှတ်ခြင်း။** အထက်ပါစာပိုဒ်(က)ပါအဖွဲ့သည် စံပြကျေးရွာရွေးချယ် သတ်မှတ်ရန်ကွင်းဆင်း တင်ပြရမည်။ ကွင်းဆင်းဆောင်ရွက်ခြင်းကို အထက်ပါစာပိုဒ်(၃)အရ C & Iများနှင့် စိစစ်ရွေးချယ်၍ **နောက်ဆက်တွဲ(က)**ပါပုံစံအတိုင်းမှတ်တမ်းဓါတ်ပုံများနှင့်တကွဖြည့်စွက်၍ရွေးချယ်ပြီးစီးကြောင်းအစီရင်ခံစာကို တင်ပြရမည်။

(ဂ) **အစီရင်ခံစာတင်ပြရမည့်ကာလ။** ဖော်ပြပါ စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့သည် စံပြကျေးရွာ ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီးသို့ စံပြကျေးရွာတည်ထောင်သည့် ဘဏ္ဍာနှစ်၏ **မေလ(၁၅)ရက်နေ့** နောက်ဆုံးထား၍ တင်ပြရမည်။ သက်ဆိုင်ရာခရိုင်၊မြို့နယ်သို့မိတ္တူပေးပို့ရမည်။

(ဃ) **စံပြကျေးရွာအတည်ပြုခြင်း။** တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူးသည် စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့မှ တင်ပြလာသည့် စံပြကျေးရွာရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာအား သတ်မှတ်ထားသည့် C & I များနှင့် စိစစ်ပြီး၊ ကိုက်ညီမှန်ကန်မှုရှိပါကသက်ဆိုင်ရာခရိုင်/မြို့နယ်များသို့အတည်ပြုကြောင်းပြန်လည်ညွှန်ကြားရပါမည်။ အတည်ပြုရွေးချယ်ထားသော စံပြကျေးရွာများအား ကွင်းဆင်းအစီရင်ခံစာများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံသို့ **မေလကုန်** နောက်ဆုံးထား၍ အစီရင်ခံရမည်။

၅။ တိုင်းဒေသကြီးများမှ တင်ပြလာသည့် စံပြကျေးရွာတည်ထောင်မည့် ကွင်းဆင်းအစီရင်ခံစာများကို သတ်မှတ်ထားသည့် C & I နှင့် ကွဲလွဲချက်၊ ထူးခြားချက်များရှိပါက အင်ဂျင်နီယာဌာနမှ ညွှန်ကြားရေးမှူးချုပ်ထံ သီးခြားတင်ပြအစီရင်ခံရမည်။

**စံပြကျေးရွာများတည်ထောင်ရာတွင် လိုက်နာကျင့်သုံးရမည့် အချက်အလက်များ**

၆။ (က) စံပြကျေးရွာအဖြစ်သတ်မှတ်တည်ထောင်ပြီး၊ နိုဝင်ဘာလတွင် ညွှန်ကြားချက်နှင့်အညီ ဆိုင်းဘုတ်အား စိုက်ထူရမည်။ အဆိုပါဆိုင်းဘုတ်အား အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။

(ခ) စံပြကျေးရွာတည်ထောင်ရာတွင်ပါဝင်ရမည့် အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်သွားရမည်။

(ဂ) ကျေးရွာအုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ ကျေးရွာသူ/သားများ ပါဝင်သည့် စံပြကျေးရွာ ကော်မတီကို ဥက္ကဋ္ဌ(၁)ဦး၊ အဖွဲ့ဝင်(၃)ဦး၊ အတွင်းရေးမှူး(၁)ဦးဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဃ) စံပြကျေးရွာအား သွားရောက်ကြည့်ရှု လေ့လာစစ်ဆေးမှုများရှိပါက လာရောက် သည့်ဌာန၊အဖွဲ့အစည်းနှင့်စစ်ဆေးသူများ စာရင်းကိုစနစ်တကျ မှတ်တမ်းပြုစုထား ရမည်။ **အဆိုပါအဖွဲ့၏စစ်ဆေးတွေ့ရှိ အကြံပြုချက်များကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီတင်ပြရမည်။**

(င) စံပြကျေးရွာအားရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်ပါဝင်ပူးပေါင်းလာစေရန် စဉ်ဆက်မပြတ် ကွင်းဆင်း ဟောပြောပညာပေးခြင်းကို ဆောင်ရွက်ရမည်။

**စံပြကျေးရွာတည်ထောင်ခြင်းလုပ်ငန်းများအား အဆင့်ဆင့် ကွင်းဆင်း ကြီးကြပ်ခြင်း**

၇။ (က) **မြို့နယ်အဆင့်မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ။** သက်ဆိုင်ရာမြို့နယ် ဦးစီးအရာရှိ သည်တည်ထောင်မည့်စံပြကျေးရွာသို့တိုင်းဒေသကြီးမှဦးဆောင်သည့်အဖွဲ့ဖြင့်စံပြကျေး ရွာတည်ထောင်ရန် C & I များအရကွင်းဆင်းရွေးချယ်ခြင်း၊ စံပြကျေးရွာတည်ထောင် ရန်အတည်ပြုမိန့်ရရှိပြီးပါက ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေး၊ ကိုယ်ပိုင် ထင်းတောများ တည်ထောင်ရေး(အိမ်/ခြံ/ယာစည်းရိုး/CF)၊ ထင်းလောင်စာသက်သာ စေသည့် မီးဖိုအမျိုးမျိုးနှင့်စွမ်းအားမြင့်အဝေမ်းမီးဖို အသုံးပြုစေရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ဒေသစိမ်းလန်းစိုပြည်ရန်ပါဝင်ဆောင်ရွက်စေရေး၊စွမ်းအားမြင့်အဝေမ်း မီးဖိုများဖြန့်ဝေရေး၊ဖြန့်ဝေပြီးသည့်မီးဖိုများအမှန်အသုံးပြုစေရေး ကြီးကြပ်ပညာပေး ခြင်း၊ စည်းရုံးခြင်းစကားဝိုင်းအသွင်ဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းတို့ကို တစ်ဖက်ပါ အတိုင်း ဆောင်ရွက်ရမည်-

| | |
|---|---|
| (၁) စံပြကျေးရွာတည်ထောင်ရန်ကွင်းဆင်းရွေးချယ်ခြင်း | ဧပြီလ |
| (၂) ဟောပြောစည်းရုံးခြင်း(၂)ကြိမ်ဆောင်ရွက်ခြင်းနှင့်(၁)ကြိမ်လျှင် စွမ်းအားမြှင့်မီးဖို (၂၅%)ဖြင့် (၂)ကြိမ်အတွက် (၅၀%) ဖြန့်ဝေခြင်း | ဇွန်လ |
| (၃) ဖြန့်ဝေခဲ့သည့်မီးဖိုများသုံးစွဲမှု၊အစားထိုးလောင်စာသုံးစွဲမှုစိစစ်သုံးသပ်ခြင်း၊စကားဝိုင်းဆွေးနွေးဟောပြောခြင်း | အောက်တိုဘာလ |
| (၄) ဆိုင်းဘုတ်စိုက်ထူခြင်း | နိုဝင်ဘာလ |
| (၅) စွမ်းအားမြှင့်မီးဖိုစဉ်ဆက်မပြတ်အသုံးပြုမှု၊ အစားထိုးလောင်စာအသုံးချမှုစိစစ်ခြင်း | ဇန်နဝါရီလ-မတ်လ |

(ခ) **ခရိုင်အဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ။** ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် ရွေးချယ်သည့်စံပြကျေးရွာအား ထင်းအစားအခြားလောင်စာသုံးစွဲရေး၊ မိရိုးဖလာဖိုခုံလောက် မီးဖိုများအစား လောင်စာသက်သာသည့် စွမ်းအားမြှင့်မီးဖိုများ/ အေဝမ်းမီးဖိုများတိုးမြှင့်သုံးစွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စည်းရုံးဟောပြောခြင်း၊ မီးဖိုဖြန့်ဝေခြင်း၊ ဖြန့်ဝေပြီးမီးဖိုများသုံးစွဲမှု စိစစ်သုံးသပ်ခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲမှုပညာပေးစကားဝိုင်းအသွင်ဖြင့်စိစစ်ခြင်း၊အခြားလိုအပ်ချက်များသုံးသပ်အကဲဖြတ်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

| | |
|---|---|
| (၁) ဟောပြောစည်းရုံးခြင်းနှင့်စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်း(၅၀%) | ဇူလိုင်လ |
| (၂) စွမ်းအားမြှင့်မီးဖိုသုံးစွဲမှုနှင့်ထင်းအစားအခြားလောင်စာသုံးစွဲမှုစကားဝိုင်းအသွင်ဖြင့် စိစစ်ခြင်း | အောက်တိုဘာလ |
| (၃) စံပြကျေးရွာအား စစ်ဆေးအတည်ပြုခြင်း | နိုဝင်ဘာလ |
| (၄) ဆိုင်းဘုတ်စိုက်ထူခြင်း | နိုဝင်ဘာလ |

(ဂ) **တိုင်းဒေသကြီးအဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ။** တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် စံပြကျေးရွာစိစစ်ရေးအဖွဲ့သည် ရွေးချယ်ထားသည့်ကျေးရွာကို စံပြကျေးရွာတည်ထောင်ရေးအတည်ပြုခြင်း၊မြို့နယ်၊ ခရိုင်များမှ ဟောပြောစည်းရုံးခြင်းနှင့် စွမ်းအားမြင့်မီးဖိုဖြန့်ဝေပြီးနောက် စွမ်းအားမြင့်မီးဖိုသုံးစွဲမှု၊ ထင်းအစားအခြား လောင်စာသုံးစွဲမှုများကို စကားဝိုင်းအသွင်ဖြင့် ကွင်းဆင်းစည်းရုံး မေးမြန်းပြီးတိုင်းဒေသကြီးမှတဆင့် ဦးစီးရုံးချုပ်သို့တင်ပြခြင်း၊ သက်ဆိုင်ရာခရိုင်မှူး များမှကွင်းဆင်းအတည်ပြုပြီးသော စံပြကျေးရွာများတွင် ထင်းအစားအခြားလောင်စာ **"အမှန်"**သုံးစွဲသည့်ကျေးရွာဟုတ်/မဟုတ်စိစစ်သုံးသပ်၍တိုင်းဒေသကြီးညွှန်ကြားရေး မှူးထံတင်ပြခြင်း၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးရောက်ရှိ အတည်ပြုခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

| | | |
|---|---|---|
| (၁) | စိစစ်ရေးအဖွဲ့သည်ရွေးချယ်ထားသော ကျေးရွာကို စံပြကျေးရွာတည်ထောင်ရန် အတည်ပြုခြင်း | မေ |
| (၂) | စိစစ်ရေးအဖွဲ့သည်စွမ်းအားမြင့်မီးဖိုနှင့်ထင်းအစား အခြားလောင်စာသုံးစွဲမှု ကွင်းဆင်းစိစစ်ခြင်း | စက်တင်ဘာ |
| (၃) | စိစစ်ရေးအဖွဲ့သည် တည်ထောင်ပြီးစံပြကျေးရွာ များထင်းအစားအခြားလောင်စာသုံးစွဲမှုစိစစ် ခြင်း | နိုဝင်ဘာ-ဒီဇင်ဘာ |
| (၄) | ညွှန်ကြားရေးမှူး ရောက်ရှိအတည်ပြုခြင်း | ဇန်နဝါရီ-မတ် |

**ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာရေရှည်တည်တံ့စေရန် ဆက်လက်ဆောင်ရွက်ခြင်း**

၈။ (က) တည်ထောင်ပြီးစံပြကျေးရွာများတွင် ဖြန့်ဝေခဲ့သည့် စွမ်းအားမြင့်အဝေမ်းမီးဖိုများ စဉ်ဆက်မပြတ်သုံးစွဲစေခြင်း၊ထင်း/မီးသွေးအစားလောင်စာတောင့်များ၊စိုက်ပျိုးရေးစွန့် ပစ်ပစ္စည်းများတိုးမြှင့်သုံးစွဲစေခြင်း၊စွမ်းအားမြင့်မီးဖို အမျိုးမျိုးသုံးစွဲစေခြင်းတို့အတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဝန်ထမ်းအဆင့်ဆင့်သည် ၎င်းစံပြကျေးရွာများသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ရမည်။

(ခ) ဌာနကဖြန့်ဝေခဲ့သည့် စွမ်းအားမြင့်အဝေမ်းမီးဖိုများ ပျက်စီးခဲ့လျှင်လည်းကောင်း၊ ထပ်မံဝယ်ယူအသုံးပြုလိုလျှင်လည်းကောင်း၊ အရွယ်အစားကြီးမားသည့် အဝေမ်းမီးဖို ဝယ်ယူလိုလျှင် လည်းကောင်း ဒေသခံများလွယ်ကူစွာဝယ်ယူရရှိနိုင်စေရေး စီမံဆောင် ရွက်ပေးရမည်။ ထို့အပြင် ကျေးရွာမှ စွမ်းအားမြင့်အဝေမ်းမီးဖို ထုတ်လုပ်ဖြန့်ဖြူး လိုပါက အရည်အသွေးမီသည့် စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်မှုနည်းပညာ သင်တန်း တက်ရောက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) အထက်တင်ပြပါလုပ်ငန်းများကို စံပြကျေးရွာတည်ထောင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ဆဲကာလနှင့်ပြည့်စုံပြီးသည့်ဒီဇင်ဘာနောက်ပိုင်းတွင်ဆက်လက်ဆောင်ရွက်ရမည့်အပြင်နောင်လာမည့်ဘဏ္ဍာနှစ်အတွင်း ကွင်းဆင်းဟောပြောခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းခြင်းတို့ကို အနည်းဆုံး(၂)ကြိမ်နှင့်အထက် ဆက်လက်ဆောင်ရွက်ရပါမည်။

**ထူးချွန်စံပြကျေးရွာသတ်မှတ်ခြင်း**

၉။ ဘဏ္ဍာနှစ်အတွင်း တည်ထောင်ပြီးစံပြကျေးရွာများအနက် ထူးချွန်စံပြကျေးရွာများကိုလည်း သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်း စည်းကမ်းချက်များနှင့်အညီ ရွေးချယ်၍ အားပေးကူညီခြင်း အသိအမှတ်ပြုခြင်းများကို နှစ်စဉ်ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ထူးချွန်စံပြရွာရွေးချယ်ရာတွင် ဤလမ်းညွှန် ချက်ပါ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊ အချိန်ကိုက် ဆောင်ရွက်နိုင်ခြင်း၊ မြို့နယ်/ ခရိုင် အဆင့်ဆင့်၏ ကွင်းဆင်းစည်းရုံး အားထည့်ဆောင်ရွက်ခြင်းတို့ကိုပါ အခြေခံစဉ်းစားရွေးချယ်သွားမည်ဖြစ်သည့်အပြင်ဝန်ထမ်းအဆင့်ဆင့်၏စွမ်းဆောင်ရည်ကိုပါသုံးသပ်အကဲဖြတ်၍ဝန်ထမ်းထူးချွန်ဆုပေးအပ်ခြင်း၊ မြို့နယ် ဘက်စုံထူးချွန်ဆုပေးအပ်ရာတွင် ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းအဆင့်ဆင့်က နားလည်သဘောပေါက်ကြိုးစားကြရန်လိုအပ်ပါသည်။

၁၀။ ထို့အပြင်စံပြကျေးရွာ၏ဒေသခံပြည်သူများအားသက်ဆိုင်ရာဌာနများ၏ ကူညီပံ့ပိုးမှုကိုသာ မျှော်ကိုးမနေဘဲ မိမိတတ်နိုင်သည့်ဘက်မှ ပါဝင်ခြင်း၊ ကိုယ်ပိုင်အိမ်၊ ခြံ၊ ယာစည်းရိုးများတွင် သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် မိမိဒေသ၏ဂုဏ်ကို ဆောင်နိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်းစိမ်းလန်းစိုပြည်ခြင်း၊ ရာသီဥတုပြန်လည်ကောင်းမွန် ပုံမှန်ဖြစ်စေခြင်းစသည့် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း စဉ်ဆက်မပြတ်စည်းရုံး ဟောပြောရန် လိုအပ်ပါသည်။

**နိဂုံး**

၁၁။ ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်နိုင်ခြင်းဖြင့် မိမိတို့၏ ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင် များကို ရေရှည် ထိန်းသိမ်းစောင့်ရှောက်ရာ ကျရောက်ပါသည်။ စံပြကျေးရွာများအရေအတွက်တိုးတက်များပြားလာစေရန်အကောင်အထည်ဖော်ခြင်း၊ရေရှည်တည်တံ့စေခြင်း (Sustainability)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောခြင်း စသည့် လုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတာဝန်ရှိသူ ဝန်ထမ်းများက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အင်ဂျင်နီယာဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

နောက်ဆက်တွဲ(က)

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊-------------------တိုင်းဒေသကြီး/ -------------------ခရိုင်/ -------------------မြို့နယ် /-------------------ကျေးရွာ အား ( • )ဘဏ္ဍာနှစ်**

**ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအတည်ပြုချက်အစီရင်ခံစာ**

၁။ ထင်းလောင်စာရှားပါးမှုအခြေအနေ ------------------------------------------------------------

------------------------------------------------------------

၂။ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲမှု အခြေအနေ ------------------------------------------------------------

------------------------------------------------------------

၃။ စွမ်းအားမြင့်အေဝမ်းမီးဖိုဖြန့်ဝေ သုံးစွဲမှုအခြေအနေ ------------------------------------------------------------

------------------------------------------------------------

၄။ ကျေးရွာ၏အခြေခံဗဟုသုတရရှိမှု အခြေအနေ ------------------------------------------------------------

------------------------------------------------------------

၅။ စံပြကျေးရွာတည်ထောင်ရန် အိမ်ထောင်စုဦးရေအခြေအနေ ------------------------------------------------------------

------------------------------------------------------------

၆။ လမ်းပန်းဆက်သွယ်သွားလာမှု အခြေအနေ ------------------------------------------------------------

------------------------------------------------------------

၇။ ကိုယ်ထူကိုယ်ထကျန်းမာရေး ဆောင်ရွက်နိုင်မှုအခြေအနေ ------------------------------------------------------------

------------------------------------------------------------

၈။ ကျန်းလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ ------------------------------------------------------------

------------------------------------------------------------

၉။ ရေရရှိခြင်းအခြေအနေ ------------------------------------------------------------

၁၀။ဌာနမှပညာပေးဟောပြောခြင်း ------------------------------------------------------------

| အဖွဲ့ဝင်(၁) | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင်(၂) |
| --- | --- | --- |
| (စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့) | (စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့) | (စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့) |

အတည်ပြုသူ

( ညွှန်ကြားရေးမှူး )

နောက်ဆက်တွဲ(ခ)

## ထင်းအစားအခြားလောင်စာ သုံးစွဲသည့် စံပြကျေးရွာတည်ထောင်ခြင်း လုပ်ငန်းတိုးတက်မှုအစီရင်ခံစာပုံစံ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ရမည့် အချိန်ကာလ | | လုပ်ငန်း ပြီးစီး ပါ က ဖော်ပြရန် % | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| ၁ | သတ်မှတ်အခြေခံအချက်များ စိစစ်ခြင်း | ဧပြီ | ဧပြီ | ၅% | |
| ၂ | စံပြကျေးရွာ ရွေးချယ်စိစစ်ရေးအဖွဲ့မှ ရွေးချယ်ပြီး ကျေးရွာကို အတည်ပြုခြင်း | မေ | မေ | ၅% | |
| ၃ | ဟောပြောစည်းရုံးခြင်းနှင့်အတူ စွမ်းအားမြင့်မီးဖို ဖြန့်ဝေခြင်း(ဦးစီးအရာရှိ)(၁)ကြိမ်(၂၅%)ဖြင့် (၂)ကြိမ်(၅၀%)ဖြန့်ဝေခြင်း | ဇွန် | ဇွန် | ၁၀% | |
| ၄ | ဟောပြောစည်းရုံးခြင်းနှင့်အတူ စွမ်းအားမြင့်မီးဖို ဖြန့်ဝေခြင်း(၅၀%)(လက်ထောက်ညွှန်ကြားရေးမှူး) | ဇူလိုင် | ဇူလိုင် | ၁၀% | |
| ၅ | စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့မှ ကွင်းဆင်း စိစစ်ခြင်း | ဩဂုတ် | စက်တင်ဘာ | ၁၀% | |
| ၆ | စွမ်းအားမြင့် အေဝမ်းမီးဖို ဖြန့်ဖြူးသုံးစွဲမှုစိစစ်ခြင်း (စကားဝိုင်းဆွေးနွေးပွဲပြု လုပ်ခြင်း)<br>(က) ဦးစီးအရာရှိ<br>(ခ) လက်ထောက်ညွှန်ကြားရေးမှူး | အောက်တိုဘာ<br>အောက်တိုဘာ | အောက်တိုဘာ<br>အောက်တိုဘာ | ၁၀%<br>၁၀% | |
| ၇ | လ/ထ ညွှန်ကြားရေးမှူး စစ်ဆေးအတည်ပြုခြင်း | နိုဝင်ဘာ | နိုဝင်ဘာ | ၁၀% | |
| ၈ | ဆိုင်းဘုတ်စိုက်ထူခြင်း | နိုဝင်ဘာ | နိုဝင်ဘာ | ၁၀% | |
| ၉ | စံပြကျေးရွာ ရွေးချယ်စိစစ်ရေးအဖွဲ့မှ စံပြကျေးရွာများ၏စွမ်းအားမြင့်မီးဖိုနှင့် ထင်းအစားထိုး အခြားလောင်စာသုံးစွဲမှု စိစစ်ခြင်း | နိုဝင်ဘာ | ဒီဇင်ဘာ | ၁၀% | |
| ၁၀ | ညွှန်ကြားရေးမှူးရောက်ရှိအတည်ပြုခြင်း | ဇန်နဝါရီ | မတ် | ၁၀% | |
| | လုပ်ငန်းစဉ်အားလုံးပြီးစီးမှု | | | ၁၀၀% | |

နောက်ဆက်တွဲ(ဂ)

## နှစ်အလိုက် ထူးချွန်စံပြကျေးရွာများ ထူးချွန်ဆုချီးမြှင့်မှု

| စဉ် | တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် | စံပြကျေးရွာအမည် | စံပြကျေးရွာဆုချီးမြှင့်သည့်ခုနှစ် | စံပြကျေးရွာ ချီးမြှင့်ဆု |
|---|---|---|---|---|
| ၁ | စစ်ကိုင်း /မုံရွာ/မုံရွာ | သာယာစု | ၂၀၁၄-၂၀၁၅ | ၃၀၀၀၀၀ဝိ |
| ၂ | မကွေး/ပခုက္ကူ/မြိုင် | ထန်းငယ်တော | -။- | ၃၀၀၀၀၀ဝိ |
| ၃ | မန္တလေး/ညောင်ဦး/ ကျောက်ပန်းတောင်း | တောင်ဦး | -။- | ၃၀၀၀၀၀ဝိ |
| ၄ | စစ်ကိုင်း/ ရွှေဘို/ ကန့်ဘလူ | မင်းတုန်း(ခ) | ၂၀၁၅-၂၀၁၆ | ၃၀၀၀၀၀ဝိ |
| ၅ | မကွေး/ သရက်/အောင်လံ | ကန်နှစ်ဆင့် | -။- | ၃၀၀၀၀၀ဝိ |
| ၆ | မန္တလေး/ညောင်ဦး/ ညောင်ဦး | ချောင်းရှည် | -။- | ၃၀၀၀၀၀ဝိ |
| ၇ | စစ်ကိုင်း/ယင်းမာပင်/ ဆားလင်းကြီး | မြင်းခြံဘွား | ၂၀၁၆-၂၀၁၇ | ၄၀၀၀၀၀ဝိ<br>တရုတ်စွမ်းအားမြှင့်မီးဖို(၁၀)လုံး<br>အိမ်သုံးဆိုလာ(၃)စုံစီ |
| ၈ | မကွေး/ပခုက္ကူ/ရေစကြို | ထန်းတို | -။- | ၄၀၀၀၀၀ဝိ<br>တရုတ်စွမ်းအားမြှင့်မီးဖို(၁၀)လုံး<br>အိမ်သုံးဆိုလာ(၃)စုံစီ |
| ၉ | မန္တလေး/မြင်းခြံ/ နွားထိုးကြီး | သူဌေးကုန်း | -။- | ၄၀၀၀၀၀ဝိ<br>တရုတ်စွမ်းအားမြှင့်မီးဖို(၁၀)လုံး<br>အိမ်သုံးဆိုလာ(၃)စုံစီ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

ညွှန်ကြားရေးမှူးချုပ် ၀၂-၃၃၀၀၃
ဒု-ညွှန်ကြားရေးမှူးချုပ် ၀၂-၃၃၀၀၆
ညွှန်ကြားရေးမှူး(အင်/ယာ) ၀၂-၃၃၀၀၆
Fax ၀၂-၃၃၃၈၇
လ/ထညွှန်ကြားရေးမှူး(အင်/ယာ) ၀၂-၃၃၃၈၆

စာအမှတ်၊ အင်ယာ/စိမ်းလန်း/အ-၁/၂၂၆-၂၉ /၂၀၁၁
ရက် စွဲ ၊ ၂၀၁၁-ခုနှစ် ဧပြီလ ၂၆ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ် လမ်းညွှန်ချက်အရသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုမိုဆောင်ရွက်ကြရန်ကိစ္စ။

၁။ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်၊ အဆိုပါ ခရီးစဉ်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးမှလမ်းညွှန်မှာကြားခဲ့ပါသည်။

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကျေးရွာလူထုများမှ ပိုမိုသိမြင်ဆောင်ရွက်နိုင်ရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစားအခြားလောင်စာကျယ်ပြန့်စွာ အသုံးပြုရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲများကို ယခုထက်ပိုမို၍ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုသိမြင်ဆောင်ရွက်လာနိုင်စေရန် ယခင်ကညွှန်ကြားထားသော မြို့နယ်တစ်ခုလျှင် တစ်လ(၂)ကြိမ်နှုန်းထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရေးကို တွန်းအားပေးသွားကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို အချိန်နှင့် တပြေးညီ တင်ပြသွားကြရန် ညွှန်ကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မောင်ရွှေ၊ ညွှန်ကြားရေးမှူး(အင်/ယာ))

D/Mar Mar Myaing/DSW(AD/2011-data)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/ထင်(၈၁၈)၁ / ၃၀၆ -၀၉ / ၂၀၁၅
ရက်စွဲ ။ ၂၀၁၅ ခုနှစ် မေလ ၁၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူထုပညာပေးဟောပြောခြင်းကိစ္စ

ရည်ညွှန်းချက်။ (၁) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၆-၁၀-၂၀၁၄ ရက်စွဲပါစာအမှတ်၊ စီမံကိန်း / စိမ်းလန်း/လ၀-၁/၂၀၂၆-၃၁/ ၂၀၁၄

(၂) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၈-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ အ-၁ / ၃-၆ /၂၀၁၁

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုအတွင်းရှိ မြို့နယ်များ၏ ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူထုပညာပေးဟောပြောခြင်းအား တစ်မြို့နယ်လျှင်(၃)ကြိမ် ဆောင်ရွက်ရန် ရည်ညွှန်း(၁)ပါစာဖြင့် လျာထားသတ်မှတ်ခဲ့ပါသည်။

၂။ ရည်ညွှန်း(၂)ပါစာဖြင့် လူထုဟောပြောပွဲ တစ်မြို့နယ်လျှင် အနည်းဆုံး(၂)ရွာနှုန်း ဟောပြောရန် ညွှန်ကြားခဲ့စဉ်က ဦးစီးအရာရှိမှ (၁)ရွာ တောအုပ်ကြီးမှ (၁)ရွာ ဟောပြောရန် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ထင်းအစားအခြားလောင်စာတိုးမြှင့်အသုံးချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူထုပညာပေးဟောပြောပွဲဆောင်ရွက်မှုအားတိုးချဲ့ ပညာပေးစခန်းရှိသော မြို့နယ်များမှအပ ကျန်မြို့နယ်တို့အား တစ်လလျှင်(၃)ကြိမ် ဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသဖြင့် မြို့နယ်တစ်မြို့နယ် တစ်လလျှင်အနည်းဆုံး ကျေးရွာ(၃)ရွာသို့ ဦးစီးအရာရှိမှ(၂)ရွာ တစ်ရွာလျှင်(၁)ကြိမ်စီနှင့် တောအုပ်ကြီးမှ(၁)ရွာ (၁)ကြိမ်စီ ဟောပြောပွဲ ဆောင်ရွက်ရန် ညွှန်ကြားပါသည်။

၄။ ဟောပြောဆောင်ရွက်မှုများအား လက္ကနိုခါနီးအချိန်မှသာ အရေးအတွက်ပြည့်မီရေး ဦးစားပေးဆောင်ရွက်သကဲ့သို့ မဖြစ်စေရေးအတွက် လတစ်လ၏ (ပ)-၁ဂရက်အတွင်း (၁)ကြိမ်၊ (ဒု)-၁ဂရက်အတွင်း (၁)ကြိမ်နှင့် (တ)-၁ဂရက်အတွင်း (၁)ကြိမ် ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ကြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ကျော်ထွန်း၊ ညွှန်ကြားရေးမှူး(အင်/ယာ) ]

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မျှောစာတွဲ
- ရုံးလက်ခံ
- အမှုတွဲဖိုင်

MONREC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/အ ၁/ ၁၅ / ၁၁၇
ရက်စွဲ ။ ၂၀၁၇ ခုနှစ်၊ မေလ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ **ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲလမ်းညွှန်စာအုပ်များ ဖြန့်ဝေခြင်း**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုတွင် လုပ်ငန်းစာဝန်ကြီး(၄)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းတွင်ပါဝင်သည့် လူထုပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အလိုက်လစဉ်ဆောင်ရွက်ရာတွင် ဝန်ထမ်းများမှ စနစ်တကျဟောပြောနိုင်ရန်နှင့် လူထုမှလုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းစွာ သိရှိနားလည် သဘောပေါက်စေရန် ရည်ရွယ်ပြီး "ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းလမ်းညွှန်"အား အောက်ပါအတိုင်း ဖြန့်ဝေပေးပို့ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃-အုပ် | |
| | ခရိုင်(၃)ခရိုင် | ၃-အုပ် | |
| | မြို့နယ်(၁၇)မြို့နယ် | ၁၇-အုပ် | |
| | ပေါင်း | ၂၃-အုပ် | |
| ၂။ | မကွေးတိုင်းဒေသကြီး | ၃-အုပ် | |
| | ခရိုင်(၄)ခရိုင် | ၄-အုပ် | |
| | မြို့နယ်(၂၁)မြို့နယ် | ၂၁-အုပ် | |
| | ပေါင်း | ၂၈-အုပ် | |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ၃-အုပ် | |
| | ခရိုင်(၅)ခရိုင် | ၅-အုပ် | |
| | မြို့နယ်(၁၅)မြို့နယ် | ၁၅-အုပ် | |
| | ပေါင်း | ၂၃-အုပ် | |
| | စုစုပေါင်း | ၇၄-အုပ် | |

၂။ တိုင်းဒေသကြီးများအနေဖြင့် "ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းလမ်းညွှန်" စာအုပ်များ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ ဆက်လက်ဖြန့်ဝေရန်နှင့် လက်ခံရရှိကြောင်း ပြန်ကြားပေးပါရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဖော်ဌေး၊ ညွှန်ကြားရေးမှူး(အင်ယာ))

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
မျှောစာတွဲ
ရုံးလက်ခံ
အမှုတွဲဖိုင်

## ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းလုပ်ငန်း

၁။ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲလမ်းညွှန်စာအုပ် (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)အရ ဟောပြောပွဲတက်ရောက်လူဦးရေ အနည်းဆုံး (၃၀) ဦး တက်ရောက်ရန်လိုပါသည်။

၂။ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲတွင် သရုပ်ပြအထောက်အကူပြုပစ္စည်းများ (အေဝမ်းမီးဖိုများ)ကို ရာထူးအဆင့်အလိုက် အခမဲ့ဖြန့်ဝေပေးသွားရန် ကြိုတင်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်-

(က)တောအုပ်ကြီး၊ မြို့နယ်ဦးစီးအရာရှိ(၁)ကြိမ်ဟောလျှင် စွမ်းအားမြှင့်အေဝမ်းမီးဖို (၁၀)လုံးကို အခမဲ့စနစ်ဖြင့် ဖြန့်ဝေသွားရန်

(ခ)လက်ထောက်ညွှန်ကြားရေးမှူး (၁)ကြိမ်ဟောလျှင် စွမ်းအားမြှင့်အေဝမ်းမီးဖို (၃၀)လုံးကို အခမဲ့ နစ်ဖြင့် ဖြန့်ဝေသွားရန်

(ဂ)ညွှန်ကြားရေးမှူး (၁)ကြိမ်ဟောလျှင် စွမ်းအားမြှင့်အေဝမ်းမီးဖို (၅၀)လုံးကို အခမဲ့စနစ်ဖြင့် ဖြန့်ဝေသွားရန်

(ဃ)တိုးချဲ့ပညာပေးစခန်း လူထုပညာပေးဟောပြောသူအနေဖြင့် (၁)ကြိမ်ဟောလျှင် စွမ်းအားမြှင့် အေဝမ်းမီးဖို (၁၅)လုံးကို အခမဲ့စနစ်ဖြင့် ဖြန့်ဝေသွားရန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သစ်တောရေးရာဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | [illegible] |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | [illegible] |
| ညွှန်ကြားရေးမှူး(အင်/ယာ) | [illegible] |
| Fax | [illegible] |
| လ/ထညွှန်ကြားရေးမှူး(အင်/ယာ) | [illegible] |
| ရုံးအဖွဲ့ | [illegible] |


စာအမှတ်၊ အင်ယာ/ စိမ်းလန်း/ အ-၁/ ၃၅၇ - ၆၀၁၁

ရက်စွဲ ။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်။

သို့

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ လူထုပညာပေးဟောပြောပွဲ လစဉ်ပြုလုပ်ခြင်းကိစ္စ။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်များတွင် ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူထုပညာပေးဟောပြောပွဲများကို လစဉ်ကျင်းပပြုလုပ်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာ၌ ဟောပြောသည့် အကြောင်းအရာတွင် မြို့နယ်အများစုသည် ထင်းအစားအခြားလောင်စာသုံးစွဲရန်၊ စိုက်စွန့်ပစ္စည်းများကို သုံးစွဲရန်၊ စွမ်းအားမြင့်မီးဖိုများကို သုံးစွဲရန် များသာ ဟောပြောကြပြီး၊ မြို့နယ်အနည်းစုသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကိုပါ ထည့်သွင်းဟောပြောကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်စေရန်အတွက် ထင်းအစားအခြားလောင်စာသုံးစွဲခြင်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများအပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများကိုပါထည့်သွင်း ဟောပြောခြင်းကို ဆောင်ရွက်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မောင်မောင်အောင်၊ ညွှန်ကြားရေးမှူး(အင်/ယာ))

မိတ္တူ-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- ပေးပို့စာတွဲ - ရုံးလက်ခံ - အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/အ-၁/၂၃၅ – ၃၈/၂၀

ရက်စွဲ ။၂၀၁၂-ခုနှစ် ဇွန်လ ၂၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ လူထုပညာပေးစည်းရုံးလှုပ်ရှားမှု အစီရင်ခံစာများ ပေးပို့ခြင်းကိစ္စ။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြို့နယ်များ၌ လစဉ်လူထုပညာပေး စည်းရုံးဟောပြောမှုများ ဆောင်ရွက်လျက်ရှိပြီး၊ မှတ်တမ်းဓါတ်ပုံများပါ ပူးတွဲပေးပို့တင်ပြလျက်ရှိပါသည်။

၂။ ထိုသို့ လစဉ်ဆောင်ရွက်လျက်ရှိသည့် လူထုပညာပေးစည်းရုံးဟောပြောမှုအစီရင်ခံစာများ တင်ပြရာတွင် ပူးတွဲတင်ပြသည့် မှတ်တမ်းဓါတ်ပုံများ မှန်ကန်မှုရှိစေရေးအတွက် အဆိုပါ မှတ်တမ်းဓါတ်ပုံများ၏ အောက်တွင် သက်ဆိုင်ရာမြို့နယ် ဦးစီးအရာရှိမှ အတည်ပြုလက်မှတ်ရေးထိုး၍ ပေးပို့တင်ပြရန် အကြောင်းကြားအပ်ပါသည်။

27/6/12

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ ကြည်ဝင်း-၂ ၊ ညွှန်ကြားရေးမှူး(အင်/ယာ) ]

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- ရုံးလက်ခံ
- မျှောစာတွဲ
- အမှုတွဲဖိုင်

(၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

MOECAF

Fax

စာအမှတ်။ အင်/ယာ/စိမ်းလန်း/အ-၁/၄ ၄ ၈ - ၅၁၂/၂၀၁၂
ရက် စွဲ ။ ၂၀၁၂-ခုနှစ် စက်တင်ဘာလ ၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ ညွှန်ကြားရေးမှူးရုံးရှိ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံးရှိ ဦးစီးအရာရှိများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲများတွင် ပါဝင်ဆောင်ရွက် စေရန်ကိစ္စ။

ရည် ညွှန်း ချက် ။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမတွင် ၂၇-၈-၂၀၁၂ နေ့၌ ကျင်းပပြုလုပ်သော စီမံခန့်ခွဲမှုကော်မတီ၏ (၁၈/၂၀၁၂) အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်စဉ် ၈။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရည်ညွှန်းပါအရ တိုင်းဒေသကြီးအသီးသီးရှိ ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီး အရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဦးစီးအရာရှိများ အနေဖြင့် မြို့နယ်အသီးသီးတွင် ကျင်းပပြုလုပ်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲများတွင် ပါဝင်ဆောင်ရွက်သွားစေရေး တာဝန်ပေးအပ်ဆောင်ရွက်သွား ပါရန် ညွှန်ကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ ကြည်ဝင်း-၂ ၊ ညွှန်ကြားရေးမှူး(အင်/ယာ) ]

မိတ္တူကို-
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- ရုံးလက်ခံ
- မျှောစာတွဲ
- အမှုတွဲဖိုင်

(၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/အ-၁/၅၇၆ - ၇၉ / ၂၀၁၂
ရက် စွဲ ။၂၀၁၂-ခုနှစ် နိုဝင်ဘာလ ၁၅ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ လူထုပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ရာတွင် အထူးသတိပြု လိုက်နာရန်ကိစ္စ။

ရည် ညွှန်း ချက် ။ (၁၂-၁၁-၂၀၁၂)ရက်နေ့တွင် ဦးစီးရုံးချုပ်၌ ကျင်းပပြုလုပ်သည့် ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄၂/၂၀၁၂) ဆုံးဖြတ်ချက် ၅။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူထုပညာပေးဟောပြောပွဲများကို တစ်မြို့နယ် လျှင် တစ်လပုံမှန်(၂)ကြိမ်နှုန်း ကျင်းပပြုလုပ်စေလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လုပ်ကိုင် ရာတွင် အောက်ဖော်ပြပါ အချက်များကို အထူးသတိပြု လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြား ပါသည်။

(က) ကျေးလက်နေဒေသခံပြည်သူများအား အတင်းအကြပ် လူစုစည်း၍ ဟော ပြောခြင်းမျိုးကို ရှောင်ကြဉ်ရန်

(ခ) ကျေးလက်နေဒေသခံပြည်သူများ အားလပ်သည့် အချိန်ကို ကြိုတင်ညှိနှိုင်းမှု ရယူ၍ ဟောပြောဆောင်ရွက်သွားရန်

(ဂ) ကျေးလက်နေဒေသခံပြည်သူများမှ အလိုအလျောက်နှင့် များများ စုစည်းမိ သည့် နေ့ရက်မျိုးကို ရွေးချယ်ဆောင်ရွက်သွားရန်
(ဥပမာ - ဥပုသ်နေ့မျိုး / အခါကြီး ၊ရက်ကြီးများ )

(ဃ) ဟောပြောရာတွင်လည်းဟောပြောသူမှ အထက်စီး ပုံစံဖြင့် ပြုမူ နေထိုင်ပြီး ဟောပြောမှုမျိုးကို ရှောင်ကြဉ်၍ ၊ ပြည်သူများနှင့် လက်ရည်တပြင် တည်း အနေအထားမျိုးဖြင့် ဟောပြောဆောင်ရွက်သွားရန်

15/11/12

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ ကြည်ဝင်း-၂၊ ညွှန်ကြားရေးမှူး(အင်/ယာ) ]

D/Mar Myaing/ Letter Head (April 2012)

(၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်၊ အင်ယာ/စိမ်းလန်း/ထင်း(လစ)/၁၈၃. ၈၆ / ၁၇
ရက် စွဲ ၊ ၂၀၁၄-ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ **လူထုပညာပေးဟောပြောပွဲ ပြီးစီးမှု အစီရင်ခံတင်ပြခြင်း။**

ရည်ညွှန်းချက်။ (၁) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၏ (၂၅-၈-၂၀၁၁) ရက်စွဲပါစာအမှတ်၊ အင်ယာ/စိမ်းလန်း/ဓ-၁/၄၈၃-၈၈/၂၀၁၁

(၂) ညွှန်ကြားရေးမှူးရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မကွေးတိုင်းဒေသကြီး၏ (၁၈-၇-၂၀၁၄)ရက်စွဲပါစာအမှတ်၊စ၃၄၀-၃၄၂/အ-၁။

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထင်းအစားအခြားလောင်စာသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ အစဉ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူထုပညာပေးဟောပြောပွဲများကို မြို့နယ်တိုင်းရှိ ကျေးရွာများသို့ တစ်လလျှင် (၂)ကြိမ်စီဖြင့် ဟောပြောဆောင်ရွက်လျက်ရှိပြီး ဦးစီးရုံးချုပ်သို့ လစဉ် အစီရင်ခံတင်ပြလျက်ရှိပါသည်။

၂။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်(ပေါက်၊ မြိုင်၊ ပခုက္ကူမြို့နယ်များ)၏ (၆/၂၀၁၄)လ အတွက် လူထုပညာပေးဟောပြောပွဲဆောင်ရွက်မှုများကို ရည်ညွှန်းစာ(၂)ဖြင့် တင်ပြခဲ့မှုအပေါ် ညွှန်ကြားရေးမှူးချုပ်မှ "ဟောပြောပွဲများတွင် စာရွက်ကိုင် ဖတ်ပြခြင်းမျိုး မဖြစ်သင့်ပါ၊ လက်တွေ့နယ်ပယ်ဒေသအပေါ်မူတည်၍ ရှင်းလင်းပြောပြနိုင်ရန် လေ့ကျင့်စေပါ" ဟု မိန့်မှတ်ချက် ပြုထားပါသည်။

၃။ သို့ပါ၍ လူထုပညာပေးဟောပြောပွဲ ဆောင်ရွက်မည့် ဝန်ထမ်းများအနေဖြင့် ဒေသ၏ အခြေအနေ၊ အချက်အလက်တို့ကို ကြိုတင်လေ့လာထားပြီး ၎င်းအပေါ်အခြေခံ၍ ထင်းအစား အခြားလောင်စာသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ဒေသခံပြည်သူများ အစဉ် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ဟောပြောမည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာ လေ့လာဖတ်ရှုမှတ်သားပြီးမှ ဟောပြောရန်နှင့် ဟောပြောပွဲ တက်ရောက်လာသူများ၏ ရှေ့တွင် စာရွက်ကိုင် ဖတ်ပြခြင်းမျိုး မပြုလုပ်မိစေရန်အတွက် တာဝန်ခံ

-၂-

မြို့နယ်ဦးစီးအရာရှိများသည် ဦးစီးရုံးချုပ်မှ ဖြန့်ဝေပေးထားသည့် လူထုပညာပေး ဟောပြောပွဲ လမ်းညွှန်စာအုပ်အား ဒုတိယဦးစီးမှူးများကို ကြိုတင်လေ့လာဖတ်ရှု မှတ်သားစေပြီး လေ့ကျင့်ပေးရန်နှင့် အထက်ဖော်ပြပါ ညွှန်ကြားရေးမှူးချုပ်၏မိန့်မှာချက်အား သိရှိလိုက်နာဆောင်ရွက်သွားနိုင်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ချိန်၊ ညွှန်ကြားရေးမှူး(အုပ်/ယာ)]

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပ္ပုပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မျှောစာတွဲ
- ရုံးလက်ခံ
- အမှုတွဲဖိုင်

(၅၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အမှုထမ်းရေးရာဌာန ... ဌာန
ညွှန်ကြားရေးမှူးရုံး ၊ မန္တလေးမြို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်၊ အင်ယာ/စိမ်းလန်း/ အ-၁/ ၈၃၅၇.၄၁ / ၁၇
ရက် စွဲ ၊ ၂၀၁၄-ခုနှစ် စက်တင်ဘာလ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊မကွေး၊မန္တလေး) တိုင်းဒေသကြီး

အကြောင်းအရာ။ လူထုပညာပေးဟောပြောပွဲများတွင် စွမ်းအားမြင့်မီးဖို လက်တွေ့စမ်းသပ်ပြရန်ကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအသီးသီးမှ ကျင်းပလျက်ရှိသည့် ဟောပြောပွဲတင်ပြချက်များအား ဦးစီးရုံးချုပ်၊ အင်ဂျင်နီယာဌာနမှ စိစစ်သုံးသပ်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြလျက်ရှိပါသည်။ တင်ပြချက်များအရ ဒေသခံပြည်သူများမှ စွမ်းအားမြင့်အဝမ်းမီးဖိုသည် ထင်းသုံးစွဲမှုသက်သာကြောင်း လက်တွေ့ပြသပေးရန် တင်ပြဆွေးနွေးခဲ့မှုကို လက်တွေ့ပြသဆောင်ရွက်ပေးရန် (၁၅-၉-၂၀၁၄)ရက်နေ့ ကျင်းပသောအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်အသီးသီးတွင် လစဉ်လူထုပညာပေးဟောပြောပွဲများအား ကျင်းပဆောင်ရွက်လျက်ရှိရာ ညွှန်ကြားရေးမှူးရုံးများနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးများမှ ဟောပြောပွဲများဆောင်ရွက်သည့် ကျေးရွာများ၊ တည်ထောင်မည့်စံပြကျေးရွာများတွင် တက်ရောက်လာသော ပြည်သူလူထုများအား စွမ်းအားမြင့်မီးဖို သည်ထင်းလောင်စာကုန်ကျမှုသက်သာခြင်းကို လက်တွေ့သိရှိသွားရန်အတွက် စွမ်းအားမြင့်မီးဖိုနှင့် ဖိုခုံလောက်မီးဖိုတို့အား နှိုင်းယှဉ်၍ လက်တွေ့ချက်ပြုတ် သရုပ်ပြသွားရန် အကြောင်းကြားပါသည်။

၃။ စွမ်းအားမြင့်မီးဖိုနှင့်ဖိုခုံလောက်မီးဖိုတို့အား လက်တွေ့ချက်ပြုတ်စမ်းသပ်ပြရာတွင်ရလဒ်မှန်ကန်စေရန်အတွက် အရွယ်အစား၊ အမျိုးအစားတူညီသည့် ဒန်အိုး(၂)လုံး အသင့်ယူဆောင်သွားရန်၊ လောင်စာအမျိုးအစားတစ်မျိုးတည်းကိုသာ သုံးစွဲရန်နှင့် စမ်းသပ်ချက်ပြုတ်မည့် ပစ္စည်းအမျိုးအစားသည် တက်ရောက်လာသူများအား ပြန်လည်ကျွေးနိုင်မည့်အစားအစာ (ဥပမာ-ကန်စွန်းဥ၊ ပိန်းဥ...... စသည်) တို့ဖြင့် လက်တွေ့ချက်ပြုတ်စမ်းသပ်ပြသရန်ဖြစ်ပါသည်။

၄။ သရုပ်ပြဆောင်ရွက်မှုအား ချက်ပြုတ်သည့် ပစ္စည်းအမည်၊ ပမာဏ၊ ထင်းလောင်စာ ကုန်ကျမှုနှင့် ချက်ပြုတ်ကြာမြင့်ချိန်တို့ကို နှိုင်းယှဉ်၍ မှတ်တမ်းတင်ထားကြပါရန် နှင့် ထိုနှိုင်းယှဉ်မှုအား ဦးစီးရုံးချုပ်သို့ အစီရင်ခံစာနှင့်အတူ တစ်ပါတည်းတင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

( အောင်ချိန်၊ ညွှန်ကြားရေးမှူး(အင်/ယာ) )

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- ရုံးလက်ခံ
- မျှောစာတွဲ
- အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

စာအမှတ်၊ အင်ယာ/စိမ်းလန်း/ထင်း(လစ)/ ၃၅၀-၅၄/၂၀၁၇
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။** **လူထုပညာပေးဟောပြောပွဲဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာအားပေးပို့ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၇-၄-၂၀၁၁)ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ အ-၁-/ ၁၁၄-၁၇/ ၂၀၁၁

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊တိုင်းဒေသကြီး(၃)တိုင်းအတွင်းရှိ မြို့နယ်များတွင် တစ်မြို့နယ်လျှင်(၁)လ၊ (၃)ကြိမ်နှုန်းဖြင့် ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရည်ညွှန်းပါစာဖြင့် ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူထုပညာပေးဟောပြောပွဲ ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာများကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ဒေသခံများပါဝင်ဆွေးနွေးချက်ကို မှတ်ချက်တွင် ဖော်ပြရန်နှင့် အစီရင်ခံစာများကို(၁)လအတွင်း ပေးပို့တင်ပြကြရန်ရည်ညွှန်းပါစာဖြင့် အကြောင်းကြားချက်အရ အစီရင်ခံစာများသည် ဟောပြောပွဲများ ဆောင်ရွက်ပြီးစီးသော်လည်း အချိန်နှင့်တပြေးညီ တင်ပြမှုမရှိဘဲ သတ်မှတ်ကာလကုန်သည်အထိ စောင့်ဆိုင်းပြီးပေးပို့သဖြင့် ဦးစီးရုံးချုပ်မှ လိုအပ်ချက် ၊ သုံးသပ်အကြံပြုချက်များကို အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်မှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှ စတင်၍ ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူထုပညာပေးဟောပြောပွဲ ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာများကို ဟောပြောပွဲ(၁)ကြိမ်ဆောင်ရွက်ပြီးစီးလျှင်ပြီးစီးချင်း ရက်သတ္တပတ်အတွင်း ပေးပို့ပါရန် ပြင်ဆင်မှုအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဇော်ဌေး၊ ညွှန်ကြားရေးမှူး(အင်ယာ)]

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
မျှောစာတွဲ
ရုံးလက်ခံ
✓ အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

စာအမှတ် ။ အင်ယာ/ စိမ်းလန်း/ ထင်း(လစ)/၄၅၉-၃၄/၂၀၁၇
ရက် စွဲ ။ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊မန္တလေး )တိုင်းဒေသကြီး

အကြောင်းအရာ။ **ထင်းအစားအခြားလောင်စာသုံးစွဲခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောခြင်း လေ့ကျင့်ဆောင်ရွက်မှု တင်ပြခြင်း**

ရည် ညွှန်း ချက် ။ (၁)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏(၁၉-၅-၂၀၁၇) ရက်စွဲပါစာအမှတ်၊ အင်ယာ/ စိမ်းလန်း/ အ-၁/ ၂၅၃-၅၇/ ၂၀၁၇

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၏(၂၇-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၆၈၉၅-၈၉၇/ အ-၁

၁။ ထင်းအစားအခြားလောင်စာသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲ လမ်းညွှန်စာအုပ်များအား တိုင်းဒေသကြီး (၃) တိုင်းသို့ ရည်ညွှန်း (၁) ပါစာဖြင့် ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၂။ ရည်ညွှန်း(၁)ပါစာဖြင့် ပေးပို့ထားသည့် ဖော်ပြပါ လမ်းညွှန်စာအုပ်မှ စာမျက်နှာ (၂) အပိုဒ်၅(က)(၁)ပါ အရ"ဟောပြောမည့်ဝန်ထမ်းများသည်မိမိဟောပြောဆွေးနွေးရမည့် အကြောင်းအရာ၊ အချက်အလက်များအား အလွတ်ရသည်အထိမှတ်သားကာ လူအများရှေ့တွင် သွက်သွက်လက်လက် ကျွမ်းကျင်စွာဟောပြောနိုင်သည်အထိ အကြိမ်ကြိမ် လေ့ကျင့်ထားရန်" ညွှန်ကြားချက်အပေါ် လိုက်နာဆောင်ရွက်မှုအနေဖြင့် သရက်ခရိုင်(မင်းလှ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ သရက်၊ မင်းတုန်း၊ ကံမ) မြို့နယ်များနှင့် ပခုက္ကူခရိုင် ( ပေါက်၊ မြိုင်၊ ရေစကြို ၊ ပခုက္ကူ၊ ဆိပ်ဖြူ) မြို့နယ်များနှင့် မင်းဘူးခရိုင်( စလင်း၊ ပွင့်ဖြူ၊ မင်းဘူး၊ ငဖဲ) မြို့နယ်တို့မှ ဦးစီးအရာရှိရုံးတွင် ဝန်ထမ်းများနှင့် ဟောပြောလေ့ကျင့် ဆောင်ရွက်ထားရှိမှုကို အစီရင်ခံစာများ ဖြင့် မကွေးတိုင်းဒေသကြီးမှ ရည်ညွှန်း(၂)ပါစာဖြင့် ပြန်လည်တင်ပြခဲ့ပါသည်။

၃။ မကွေးတိုင်းဒေသကြီးမှ တင်ပြလာမှုအပေါ် စိစစ်ရာတွင် ဟောပြောပွဲများတွင် အောက်ဖော်ပြပါအတိုင်း အစီအစဉ်တကျ ရှင်းလင်းဟောပြောမှု အားနည်းကြောင်း ၊အမြဲတမ်း ပါဝင်ရမည့် အကြောင်းအရာများပါဝင်မှု အားနည်းကြောင်းနှင့် လေ့ကျင့်ဆောင်ရွက်မှုအတွက်

သက်ဆိုင်ရာ တစ်ဆင့်မြင့် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ထိန်းကျောင်း ပြုပြင်ပေးရန် လိုအပ်ပါကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) **အစီအစဉ်တကျရှင်းလင်းဟောပြောမှု**

(၁)ဟောပြောမှု စလျှင်စချင်း ပရိသတ်နှင့် ဒေသထုံးတမ်း အစဉ်အလာအား ယဉ်ကျေးမှုအတိုင်း လေးစားသော အမူအရာဖြင့် ပဋိသန္ဓာရစကားပြောဆိုပြီး မိမိကိုယ်ကို မိတ်ဆက်ရန်။

(၂)ဟောပြောရသည့်အကြောင်းအရာ ရည်ရွယ်ချက်နှင့် ဌာနအကြောင်းမိတ်ဆက်ရန်။

(၃)ဟောပြောရမည့် အကြောင်းအရာအား ရှင်းလင်းစွာ သိရှိနိုင်စေရေး တင်ပြရမည့် အချက်များ (ဥပမာ-အချက်(၁)၊ (၂)၊ (၃)စသည်ဖြင့် အကျဉ်းတင်ပြရန်။

(၄)နိဂုံးချုပ်တွင် တင်ပြသော အကြောင်းအရာများ ပြန်၍ မှတ်မိစေရန်အတွက် ပြန်လည်၍ အချက်များဖြင့် ရှင်းပြအဆုံးသတ်ရန်။

၃။ (ခ) **အမြဲတမ်းပါဝင်ရမည့် အကြောင်းအရာများ**

(၁)ဌာနအကြောင်း( စတင်ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်(၄)ရပ်အရ ဆောင်ရွက်မှု)

(၂)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးမှု။

(၃)သစ်တောပြုန်းတီးမှုသက်သာစေရေး ထင်းအစားအခြားလောင်စာများဖြစ်သည့် စိုက်စွန့်ပစ္စည်း/ စွမ်းအားမြင့်မီးဖိုတိုးမြှင့် အသုံးပြုရေး။

(၄)ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အချက်အလက်များ။

၄။ သို့ဖြစ်ပါ၍ ဟောပြောပွဲလမ်းညွှန်ချက်ပါ အချက်အား စနစ်တကျ ဖတ်ရှုလေ့လာရန်၊ ဟောပြောလေ့ကျင့် ဆောင်ရွက်ရာတွင် ဆွေးနွေးဟောပြောသူ၏ ဟန်ပန်အမူအရာ၊ ပြောဆိုမှု၊ အချက်အလက်ပြည့်စုံမှု၊ ပြည်သူမှ ပြန်လည်မေးမြန်းဆွေးနွေးရာတွင် ယဉ်ကျေးစွာ ပြောကြားနိုင်ရေးအတွက် သက်ဆိုင်ရာတစ်ဆင့်မြင့် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ထိန်းကျောင်း ပြုပြင်ပေးရန်နှင့် ဟောပြောမှု စနစ်တကျဖြစ်စေရေးအတွက် မကွေးတိုင်းဒေသကြီးကဲ့သို့ ကျန်တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်များမှ ညွှန်ကြားချက်ပါအတိုင်း လေ့ကျင့်ဆောင်ရွက်သွားကြရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဒေါ်ဌေး၊ ညွှန်ကြားရေးမှူး(အင်ယာ)]

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
ကျွမ်းကျင်သူ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
မျှောစာတွဲ ရုံးလက်ခံ ✓အမှုတွဲဖိုင်

D/YY/ Letter (read)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

ညွှန်ကြားရေးမှူး(စီမံ) ၀၂-၃၃၀၃၃(ရုံး)
ညွှန်ကြားရေးမှူး(အင်/ယာ) ၀၂-၃၃၀၃၉(ရုံး)
ဒုတိယညွှန်ကြားရေးမှူး(စီမံ) ၀၂-၃၃၉၀၂(ရုံး)
ဒုတိယညွှန်ကြားရေးမှူး(အင်/ယာ) ၀၂-၃၃၉၀၄(ရုံး)
လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ၀၂-၃၃၀၃၀(ရုံး)
E-mail - dgdzmo8@mptmail.net.mm

စာအမှတ်၊ အင်ယာ/စိမ်းလန်း/အ-၁/၁၂၂-၂၅၁၁၀
ရက်စွဲ ၊ ၂၀၁၁-ခုနှစ် ဧပြီလ ၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ Forest Extension လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့် အကြံပြုချက်များ ပေးပို့ခြင်း။

အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်းနှင့် ထင်းအစားအခြားလောင်စာ သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းစသည့်တိုးချဲ့ ပညာပေးရေးလုပ်ငန်းများကိုနှစ်စဉ်လျာထားသတ်မှတ်၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်အတွက် တိုးချဲ့ပညာပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည့် Forest Extension လုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ဤစာနှင့်အတူ ပူးတွဲ ပေးပို့အပ်ပါသည်။

၃။ အဆိုပါ Forest Extension လုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေရသော ခရိုင်/မြို့နယ်များသို့ ဆက်လက်ဖြန့်ဝေပေး၍ လိုက်ပါဆောင်ရွက်သင့်သည်များကိုအကောင်အထည်ဆောင်ရွက်ကြရေး ကြီးကြပ်လမ်းညွှန်ပေးသွားကြရန် ညွှန်ကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မောင်ရွှေ၊ ညွှန်ကြားရေးမှူး(အင်/ယာ))

မိတ္တူ-
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မြှောစာတွဲ။ - အမှုတွဲဖိုင်။ - ရုံးလက်ခံ။

## Extension

### အမိပ္ပါယ်နှင့် သဘောတရား

၁။ မိမိဆောင်ရွက်လိုသည့် အကြောင်းအရာတစ်ခုကို လိုက်ပါဆောင်ရွက်စေလိုသူများ ယုံကြည်မှုဖြင့်ပါဝင်ဆောင်ရွက်လာကြစေရန်နှင့်စိတ်နေသဘောထားပြောင်းလဲလာစေရန် ဟောပြောစည်းရုံးသောသတင်းနည်းပညာတစ်ခုဖြစ်သည်။ မိမိဆောင်ရွက်မည့်လုပ်ငန်း(ပြောင်းလဲလုပ်ကိုင်မည့်လုပ်ငန်း)သည် လိုက်ပါဆောင်ရွက်သူများအတွက်အမှန်တကယ်အကျိုးရှိပုံနှင့်မည်သို့အစားထိုးဆောင်ရွက်ရပုံကိုနားလည်သဘောပေါက်အောင် ရှင်းပြဟောပြော သော ပညာရပ်ဖြစ်သည်။ စိတ်ဓါတ်စစ်ဆင်ရေးကဲ့သို့ ဆောင်ရွက်နိုင်ပါက ပိုမိုထိရောက်နိုင်သည်။ ကမ္ဘာပေါ် ရှိထင်းရှားသော နိုင်ငံခေါင်းဆောင်များသည် မိမိပါတီအနိုင်ရရှိရေး မိမိတို့၏မူဝါဒကို လက်ခံလာစေရေး အတွက် စိတ်ဓါတ်စစ်ဆင်ရေးကို အသုံးပြုခဲ့ကြသည်။

### Forest Extension

၂။ သစ်တောများထာဝစဉ် တည်တံ့စေရေးအတွက် ဆောင်ရွက်သောလုပ်ငန်းများကို ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ပညာပေးဗဟုသုတဖြန့်ဝေခြင်း၊ လက်တွေ့ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဟောပြောခြင်းဖြစ်သည်။ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်အောင် စည်းရုံးဟောပြောခြင်း ၊ သစ်တောသစ်ပင်များကိုထိန်းသိမ်းကြရေး ၊ သစ်တောသစ် ပင်များကို စိုက်ပျိုးကြရေး သစ်ပင်များဆုံးရှုံးမှုမဖြစ်စေရန် အကာအကွယ်ပေးရေး ၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်အတွက် မည်သို့ဖြေရှင်းမည်ကို စည်းရုံးဟောပြောဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ဖြစ်သည်။

### အခြေခံလိုအပ်ချက်

၃။ မြန်မာနိုင်ငံရှိလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး သစ်တောသစ်ပင်နှင့်သစ်တောထွက်ပစ္စည်းများကို မှီခိုနေကြရသည်။ အိမ်ဆောက်လုပ်ခြင်း ၊လှေ ၊ လှည်းနှင့်လယ်ယာသုံးပစ္စည်းများလိုအပ်ချက်သည် ကျေးလက်နေပြည်သူများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ထင်းလောင်စာအသုံးပြုခြင်း ၊ နေ့စဉ်စားဝတ်နေရေးလိုအပ်ချက်ကို ဖြေရှင်းရာတွင် ကျေးလက်ပြည်သူများအတွက် အလွယ်တကူဖြေရှင်းနိုင်သောနည်းလမ်းမှာ ထင်းခုတ်ခြင်း ၊ မျှစ်ချိုးခြင်းလုပ်ငန်းမှာ ရှောင်လွှဲမရနိုင်သော အခြေခံလိုအပ်ချက်များဖြစ်သည်။

### အခြေခံလိုအပ်ချက်ကိုဖြေရှင်းခြင်း

၄။ အခြေခံလိုအပ်ချက်များကို ဖြေရှင်းရာတွင် အောက်ပါအချက်များဖြင့် ဖြေရှင်းရမည်ဖြစ်သည်-

(က)အိမ်ဆောက်လုပ်ခြင်းနှင့်လယ်ယာသုံးပစ္စည်းများရရှိရေးအတွက် တစ်အိမ်ထောင်သစ်မာအပင် (၂၀)တစ်ရွာတစ်ဧကစိုက်ပျိုးခြင်း။

(ခ)ထင်းလောင်စာအတွက် ကျေးရွာသုံးစိုက်ခင်းများ ထူထောင်ပေးခြင်း။

(ဂ)ထင်းအစားအခြားလောင်စာအသုံးပြုအောင် ဆောင်ရွက်ခြင်း။

(ဃ)ပါးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးစေခြင်း။

တွေ့ရှိနိုင်သည့်အခက်အခဲများ

၅။ ကျေးလက်နေပြည်သူများသည် မိမိတို့ဝမ်းစာအတွက် နေ့စဉ်လုပ်ငန်းခွင်ဝင်နေကြသူများဖြစ်၍ သစ်ပင်များစိုက်ပျိုးပြုစုရန် အချိန်မပေးနိုင်ခြင်း ၊ စိုက်ပျိုးမြေအခက်အခဲရှိနိုင်ခြင်း ၊ ထင်းအစားအခြားလောင်စာအသုံးပြုရန်အတွက် လောင်စာတောင့်နှင့်မီးဖိုဝယ်ယူရန် ငွေကြေး ပြဿနာရှိနိုင်ခြင်းတို့နှင့်ကြုံတွေ့နိုင်သည်။

အခက်အခဲများကိုဖြေရှင်းရန်နည်းလမ်းများ

၆။ ကျေးလက်နေပြည်သူများ၏ အခက်အခဲများကိုဖြေရှင်းနိုင်ရန် အောက်ပါအချက်အလက်များကို ဦးစားပေးဆောင်ရွက်သင့်ပါသည်-

(က)စိုက်ပျိုးမြေအခက်အခဲမရှိစေရေးအတွက် ကျေးရွာပိုင်စိုက်ခင်းထူထောင်၍ ခွဲဝေသုံးစွဲစေခြင်း။

(ခ)နည်းပညာအခက်အခဲမဖြစ်ပေါ်စေရေးအတွက် သစ်တော၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဝန်ထမ်းများမှကူညီခြင်း။

(ဂ)ထင်းအစားအခြားလောင်စာသုံး မီးဖိုများကို လုံလောက်အောင် ဌာနမှစီစဉ်ကူညီပေးခြင်း။

(ဃ)စိုက်စွန့်ပစ္စည်းများသုံးစွဲတတ်စေရန် လေ့ကျင့်ပေးခြင်း။

(င)အလှူရှင်များမှ အလှူငွေထည့်ဝင်၍ ကျေးရွာများအတွက် လိုအပ်သော မီးဖိုများဖြန့်ဖြူးပေးခြင်း။

(စ)ထင်းအစားအခြားလောင်စာအသုံးပြု၍အကျိုးရှိပုံကိုနားလည်သဘောပေါက်စေရန်စနစ်တကျစည်းရုံးဟောပြောခြင်း။

(ဆ)အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

စည်းရုံးဟောပြောသူများ ဆောင်ရွက်ရန်လိုအပ်ချက်များ

၇။ စည်းရုံးဟောပြောမည့်သူများသည် မိမိစည်းရုံးဟောပြောမည့်ကျေးရွာ၏ အောက်ဖော်ပြပါအချက်အလက်များကို သိရှိလိုက်နာရန်လိုအပ်ပါသည်-

(က)ကျေးရွာဓလေ့ထုံးတမ်းစဉ်လာ

(ခ)စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ကြသော လုပ်ငန်းများ

(ဂ)ထွက်ရှိသောစွန့်ပစ်ပစ္စည်းများ

(ဃ)လောင်စာတောင့်နှင့်မီးဖိုအတွက် ငွေကြေးသုံးစွဲနိုင်မှုအခြေအနေ

(င)ထင်းအစားအခြားလောင်စာရရှိနိုင်မှုအခြေအနေ

(စ)ကျေးရွာလူထု၏ အခြားသောအခက်အခဲ/ပြဿနာ

(ဆ)အလီလီဟောပြောဆွေးနွေးခြင်း

(ဇ)ဟောပြောစည်းရုံးစဉ် ရုပ်မီရုပ်ဖများ ပါဝင်စေခြင်း

## သွယ်ဝိုက်၍စည်းရုံးနည်းများ

၈။ ကျေးလက်နေပြည်သူများသည် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကို စိတ်ဝင်တစားရှိစေရန်နှင့် လိုက်ပါဆောင်ရွက်ကြစေရန် ၎င်းတို့၏ အခြားလူနေမှုကိစ္စများကို ဖြေရှင်းခြင်းသည် သွယ်ဝိုက်စည်းရုံးသောနည်းလမ်းများဖြစ်သည်။အောက်ဖော်ပြပါလုပ်ငန်းများသည် ဌာနနှင့်မဆိုင်သော်လည်းစည်းရုံးဆောင်ရွက်ရာတွင်အောင်မြင်သော လုပ်ငန်းများဖြစ်သည်-

(က)ကျေးလက်ဒေသ (ကျန်းမာရေးကိစ္စများ)တွင်ပါဝင်ကူညီခြင်း၊

(ခ)စာသင်ကျောင်းများပြုပြင်ခြင်း၊လိုအပ်သောပရိဘောဂများရရှိအောင်ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ)ဆရာ၊ ဆရာမများရရှိအောင်ကူညီပေးခြင်း၊

(ဃ)ဆရာ၊ ဆရာမများပြောင်းရွှေ့လိုသည့်အခါ တိုင်းဒေသကြီးသို့ တင်ပြ၍ ကူညီပေးခြင်း၊

(င)ကျေးရွာများမှ ဖြေရှင်း၍မရသော ကိစ္စများကို မြို့နယ်ဦးစီးအရာရှိမှ ခရိုင်၊ တိုင်းဒေသကြီးသို့ တင်ပြ၍ ဥပဒေနှင့်အညီဖြစ်ပေါ်စေရေးကိုအတွက် ကူညီဆောင်ရွက်ပေးခြင်း။

(စ)ဘာသာရေးလုပ်ငန်းလိုအပ်ချက်များတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်း။

## •ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း

၉။ Extension လုပ်ငန်းဆောင်ရွက်သူများသည် အကြိမ်ကြိမ်ဆွေးနွေးဟောပြောမှုပြုလုပ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဆောင်ရွက်ပြီးပါက မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ ချပြခဲ့သည်များကို ပြည်သူများအမှန်တကယ် လိုက်ပါဆောင်ရွက်မှုရှိ/မရှိကို ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်းဖြင့် အောင် မြင်မှု/မရှိကို သိရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်မှသာ အောင်မြင်သော လူထုပညာပေးဟောပြောမှု(သို့မဟုတ်)အောင်မြင်သော Forest Extension ဟုခေါ်ဆိုနိုင်မည်ဖြစ်ပါသည်၊

(၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/အ-၁/၈၆၇-၇၀/၂၀၁၄
ရက် စွဲ ။ ၂၀၁၄-ခုနှစ် စက်တင်ဘာလ ၂၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ တိုးချဲ့ပညာပေးစခန်းများ ဖွင့်လှစ်ပြသရာတွင် ဌာန၏ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စေရန်အတွက် တက်ရောက်သူအင်အား စည်းရုံးဆောင်ရွက်သွားရန်ကိစ္စ။

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခု၌ တိုးချဲ့ပညာပေးစခန်း (၆)ခု ဖွင့်လှစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုအဖြစ် ထင်းလောင်စာသက်သာသော စွမ်းအားမြင့်အဝမ်းမီးဖိုများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာစေရန်၊ သစ်တောသစ်ပင်များ ကိုယ်တိုင်စိုက်ပျိုးပြုစု ထိန်းသိမ်းသုံးစွဲလာစေရန်၊ ဒေသခံများ ကိုယ်တိုင်တက်ကြွစွာ ပူးပေါင်းပါဝင်သည့် ပြည်သူ့ဗဟိုပြု စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းစနစ်ဖြစ်ပေါ်လာစေရေးကို အထောက်အကူဖြစ်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုးချဲ့ပညာပေးစခန်းများ၌ လစဉ် နီးစပ်ရာ ကျေးရွာလူထုနှင့် စိတ်ပါဝင်စားသူတို့အား ခေါ်ယူပြသ၍ အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုးချဲ့ပညာပေးစခန်း(၆)ခု၏ ဆောင်ရွက်မှုတွင် ဒေသခံပြည်သူလူထုတက်ရောက်မှုအခြေအနေအား ၂၀၁၄ ခုနှစ် ဧပြီလမှ ဩဂုတ်လထိ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | တိုင်းဒေသကြီး | ပြခန်းအမည် | လအလိုက် လာရောက်ကြည့်ရှုသူအင်အား | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | |
| ၁။ | စစ်ကိုင်း | ရေထွက်ပျိုးဥယျာဉ် | ၂၇ | ၃၀ | ၃၀ | ၄၀ | ၃၅ | |
| ၂။ | | ကောင်းမှုတော် ပျိုးဥယျာဉ် | ၂၅ | ၂၆ | ၂၂ | ၂၅ | ၂၅ | |
| ၃။ | မကွေး | မြို့မ ပျိုးဥယျာဉ် | ၅၂ | ၃၁ | ၂၃၈ | ၃၈ | ၆၅ | |
| ၄။ | | ရွှေပုံတောင်စိုက်ခင်း စခန်း | ၂၈ | ၃၁ | ၃၀ | ၂၆ | ၃၂ | |
| ၅။ | မန္တလေး | နွားလင်ကျေးရွာ ပြည်သူ့ဗဟိုပြု ပျိုးဥယျာဉ် | ၂၇ | ၄၅ | ၇၀ | ၆၃ | ၄၅ | |
| ၆။ | | ဆည်ပေါက်ပျိုးဥယျာဉ် | ၄၇ | ၄၃ | ၃၁ | ၃၀ | ၃၅ | |

၃။ အဆိုပါ တိုးချဲ့ပညာပေးစခန်းများသို့ တက်ရောက်သူအရေအတွက်အား စိစစ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောင်းမှုတော်ပျိုးဥယျာဉ်ရှိ တိုးချဲ့ပညာပေးစခန်းတွင် ၂၀၁၄ခုနှစ်၊ ဇွန်လအတွက် အနည်းဆုံး(၂၂)ဦးသာရှိကြောင်း တွေ့ရှိရသဖြင့် ဌာနရည်ရွယ်ချက်အား ထိရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်မှု အားနည်းကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ပါ၍ ၂၂-၉-၂၀၁၄ရက်နေ့ ဦးစီးရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော (၃၀/၂၀၁၄)ကြိမ်မြောက် အပတ်စဉ် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အမှတ်စဉ်(၇)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလှုပ်ရှားမှု လုပ်ငန်းများတွင် ဒေသခံပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက် ပြည်သူလူထုအား စည်းရုံးဆောင်ရွက်သွားရန်နှင့် ပညာပေးစခန်းများတွင် လစဉ်တိုးချဲ့ပညာပေးခြင်း ဆောင်ရွက်ရာ၌ တက်ရောက်သူအရေအတွက်(၄၀)ဦးအထက်ရှိစေရန်အတွက် စည်းရုံးဆောင်ရွက်သွားရေး စီမံကြီးကြပ်မှုပြုနိုင်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ချိန်၊ ညွှန်ကြားရေးမှူး(အင်/ယာ)]

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မျှောစာတွဲ
- ရုံးလက်ခံ
- အမှတ်တွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်။ အင်ယာ/စိမ်းလန်း/အ-၁/၉၃၉ - ၅၂ /၂၀၁၅
ရက် စွဲ ။၂၀၁၄-ခုနှစ် အောက်တိုဘာလ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး) တိုင်းဒေသကြီး

အကြောင်းအရာ။ တိုးချဲ့ပညာပေးစခန်းတွင် ကိုယ်တိုင်ပါဝင်ဆွေးနွေးနိုင်ရေး လမ်းညွှန်မေးခွန်းများတင်ပြခြင်းကိစ္စ။

ရည် ညွှန်း ချက်။
(၁) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၅-၆-၂၀၁၄ရက်စွဲပါစာအမှတ်၊ အင်ယာ/စိမ်းလန်း/အ-၁/ ၅၆၇-၇၀/၂၀၁၄
(၂) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ (၈-၉-၂၀၁၄) ရက်နေ့(၂၀/၂၀၁၄)ကြိမ်မြောက် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက် အမှတ် (၈)
(၃) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၁၃-၁၀-၂၀၁၄ ရက်စွဲပါစာအမှတ်၊ အင်ယာ / ရုံးတွင်းစာ (၅၀၄)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဖွင့်လှစ်ပြသလျက်ရှိသော တိုးချဲ့ပညာပေးစခန်းသို့ လာရောက်လေ့လာသူများအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိသော (စ-ထ-ထ-ရ)လုပ်ငန်းကြီး(၄)ရပ်နှင့် ဆိုင်သည့် လုပ်ငန်းများအပေါ် ပြည်သူလူထုမှ စိတ်ဝင်စားမှုရှိ/မရှိနှင့် ဌာနမှ လုပ်ငန်းများဆောင်ရွက်နေခြင်းအပေါ် ပူးပေါင်းပါဝင်လိုစိတ်မည်မျှရှိသည်တို့ကို သုံးသပ်နိုင်ရန်အတွက် သဘောထားစစ်တမ်းကောက်ယူသည့် မေးခွန်းပုံစံဖြင့် သဘောထားကောက်ယူတင်ပြရန် ရည်ညွှန်းစာ(၁)ဖြင့် ညွှန်ကြားထားရှိပါသည်။

၂။ အထက်ဖော်ပြပါ သဘောထားစစ်တမ်းကောက်ယူသည့် မေးခွန်းပုံစံအား စိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောကျန်များ ကာကွယ်ထိန်းသိမ်းခြင်းနှင့်ဆိုင်သော သဘောထား

စစ်တမ်းပုံစံများဖြင့် ထပ်မံဖြည့်စွက်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး(၃)ခုရှိ ဖွင့်လှစ်ပြသလျက်ရှိသော တိုးချဲ့ပညာပေးစခန်းများတွင် လာရောက်လေ့လာသူများအား သဘောထားစစ်တမ်းကောက်ယူလျက်ရှိသည့် **“ယခင်မေးခွန်းလွှာပုံစံအစား ယခုပူးတွဲပေးပို့သည့် မေးခွန်းလွှာပုံစံ”**ဖြင့် ၂၀၁၄ခုနှစ် နိုဝင်ဘာလမှစတင်၍ စစ်တမ်းကောက်ယူ ဖြည့်စွက်ပေးပို့ကြပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ချိန်၊ ညွှန်ကြားရေးမှူး(အင်/ယာ)]

မိတ္တူကို-

- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
- မျှောစာတွဲ
- ရုံးလက်ခံ
- အမှုတွဲဖိုင်

တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ပြသခြင်းအပေါ် လာရောက်လေ့လာသူတို့၏ သဘောထားကောက်ယူမည့် မေးခွန်းလွှာ

အမည်------------------ အလုပ်အကိုင် ------------------
နေရပ်------------------ အသက် ------------------

အောက်ပါတို့တွင်ရွေးချယ်ရန်ပေးထားသောအဖြေများမှ မှန်သည်ထင်သောအဖြေများအား သက်ဆိုင်ရာ ☐ တွင်အမှန်အမှတ်အသား ✓ ခြစ်ရန်ဖြစ်ပါသည်။

၁။ ကျွန်တော်/ကျွန်မတို့အိမ်တွင် သုံးစွဲသောမီးဖိုမှာ

(က) ဖိုခနောက်မီးဖို ☐

(ခ) အဝေမ်းမီးဖို ☐

(ဂ) မီးသွေးမီးဖို ☐

(ဃ) အခြားမီးဖို အမျိုးအစား ☐

၂။ အဝေမ်းမီးဖိုသုံးစွဲပါက အဝေမ်းမီးဖိုအား

(က) ဌာနပဟာပြောပွဲမှ မဲပေါက်ပါသည်။ ☐

(ခ) မိမိအစီအစဉ်ဖြင့် ဝယ်ပါသည်။ ☐

(ဂ) စံပြရွာပြုလုပ်စဉ် ဌာနမှ ရရှိပါသည်။ ☐

၃။ အဝေမ်းမီးဖိုသုံးစွဲခြင်းသည် ဖိုခနောက်မီးဖိုနှင့် နှိုင်းယှဉ်ပါက

(က) ထင်းပိုကုန်သည်။ ☐

(ခ) ထင်းကုန်သက်သာသည်။ ☐

(ဂ) ထင်းကုန်ကျမှု အတူတူဖြစ်ပါသည်။ ☐

၄။ အိမ်တွင်ချက်ပြုတ်ရာ၌ အသုံးပြုရန်ထင်းအား

(က) အိမ်ခြံဝင်းနှင့် ယာခင်းရှိ အပင်များ ☐

(ခ) ကိုယ်ပိုင်ထင်းတော ☐

(ဂ) ကျေးရွာပိုင် ထင်းစိုက်ခင်း ☐

(ဃ) ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ☐

(င) အခြားနေရာများမှ ရရှိပါသည်။ ☐

Mar Mar Myaing /Question

၅။ ကျွန်တော်/ကျွန်မတို့အိမ်၌ နေ့စဉ်ချက်ပြုတ်ရာတွင်

(က) ထင်းသုံးစွဲပါသည်။

(ခ) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း (ပဲစင်းငုံရိုး၊ နှမ်းရိုး၊ ဝါရိုး၊ စပါးခွံ)တို့သုံးစွဲပါသည်။

(ဂ) ထင်းနှင့် စိုက်စွန့်ပစ္စည်းရောညှပ် သုံးပါသည်။

(ဃ) မီးသွေးသုံးပါသည်။

၆။ ကျွန်တော်/ကျွန်မတို့အိမ်၏ (၁)နှစ်ထင်းသုံးစွဲမှုမှာ

(က) ထင်းလှည်း(၄)စီးခန့်

(ခ) ထင်းလှည်း(၆)စီးခန့်

(ဂ) ထင်းလှည်း(၈)စီးခန့်

(ဃ) -----------------ခန့်ကုန်ပါသည်။

၇။ (က) ကျွန်တော်/ကျွန်မတို့တွင် လယ်/ယာ (         )ကေရှိပါသည်။

(ခ) အဓိက စိုက်ပျိုးသော သီးနှံများမှာ (                    )ဖြစ်ပါသည်။

(ဂ) လယ်ယာမှ ထွက်ရှိသော စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းကို တစ်နှစ်ပတ်လုံးသုံးစွဲပါသည်။

၈။ ကျွန်တော်/ကျွန်မတို့၏ အိမ်ဝိုင်းအတွင်းတွင် အောက်ပါသစ်ပင်များကို စိုက်ပျိုးထားပါသည်-

(က) ကျွန်း၊ယူကလစ် စသည့် သစ်/တိုင် ရရှိနိုင်သည့်အပင်များ

(ခ) သီးပင်၊ စားပင်(သရက်၊မာလကာ)

(ဂ) အရိပ်ရပင် ( တမာ၊ထနောင်း )

(ဃ) ထင်းပင်

(င) အခြားပင်များ

၉။ ကျွန်တော်/ကျွန်မ၏ ယာစည်းရိုးများနှင့် ဥယျာဉ်ခြံများတွင် အောက်ပါအပင်များကို စိုက်ပျိုး ပြုစုထားပါသည်။

(က) ကျွန်း၊ယူကာလစ် စသည့် သစ်/တိုင် ရရှိနိုင်သည့် အပင်များ

(ခ) သီးပင် စားပင်များ

(ဂ) အရိပ်ရပင်များ

(ဃ) ထင်းပင်များ

(င) အခြားပင်များ

၁၀။ ကျွန်တော်/ ကျွန်မတို့၏ ရွာအနီးရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သဘာဝတောများမှာ

(က) တိုးလာပါသည်

(ခ) လျော့နည်းလာပါသည်

(ဂ) ပြောင်းလဲမှု မရှိပါ

(ဃ) သတိမထားမိပါ

၁၁။ ကျေးရွာပတ်ဝန်းကျင်ရှိ သဘာဝတောများသည် ကျေးရွာရှိ နေထိုင်သူများ၏ စားဝတ်နေရေးအတွက်

(က) များစွာအထောက်အကူပြုပါသည်

(ခ) အနည်းငယ်သာ အထောက်အကူပြုပါသည်

(ဂ) အထောက်အကူမပြုပါ

၁၂။ ကျေးရွာအနီးရှိ သဘာဝတောများမှ အောက်ပါအကျိုးကျေးဇူးများ ရရှိပါသည်-

(က) မှိုနှင့် ချက်ပြုတ်စားသောက်ရန် အသီးအရွက်များ

(ခ) ထင်း

(ဂ) ကျွဲနွား၊သိုး၊ဆိတ်များအတွက် စားကျက်မြေ

(ဃ) တိုင်၊ မျှောများ

(င) အိမ်ဆောက်ရန် သစ်များ